# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၆)၊ အမှတ် (၃၅၄)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း အောင်နိုင်မှုသရဖူဆောင်းနိုင်ခြင်းသည် ထက်မြက်သည့် အမျိုးသားရေးအားမာန်၊ နိုးကြားသည့်မျိုးချစ်စိတ်ဓာတ်တို့ကို ပြသလိုက်ခြင်းဖြစ်

# ရရှိပြီးဖြစ်သည့် အောင်မြင်မှုများကို အနာဂတ်သို့တိုင်အောင် ထိန်းသိမ်းသယ်ဆောင်နိုင်ရေး မလျှော့သော ဇွဲ၊ လုံ့လ၊ အားမာန်စိတ်ဓာတ်တို့ဖြင့် ဆက်လက်အားထုတ်ကြိုးပမ်း

**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံတံခွန်စိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သော အောင်ပွဲရမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■

**နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အားကစားနယ်ပယ်ကဏ္ဍစုံတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ဂုဏ်သိက္ခာ အစဉ်ထာဝရ တိုးတက်မြင့်မားနေစေရန်နှင့် နိုင်ငံတကာမျက်နှာစာတွင် ဘက်စုံကဏ္ဍစုံက ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်နေစေရန် မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများ၏ စွမ်းအားကို အခြေခံပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် မနေမနား အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိ။**





**ပေးအပ်လှူဒါန်း**

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ အောင်ပွဲရ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံး အသင်းအတွက် ဂုဏ်ပြုဆုငွေများအဖြစ် အလှူရှင် တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

**လွှဲပြောင်းပေးအပ်**

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လက်ခံရရှိသော ဂုဏ်ပြုဆုငွေများကို အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသို့ လွှဲပြောင်းပေးအပ်စဉ်။

(သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

# အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်)

## ပိုလီယိုကင်းစင်ပပျောက်ရေး ကြိုးပမ်းဖော်ဆောင်ကာကွယ်ဆေးတိုက်ကျွေးရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

မြန်မာနိုင်ငံ၌ ပိုလီယိုရောဂါ ကင်းစင်ပပျောက်ရေးကို ၁၉၉၆ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ ပိုလီယိုရောဂါ ကင်းစင်ရေးအတွက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ရှစ်ကြိမ်၊ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို လေးကြိမ် စုစုပေါင်း၁၂ကြိမ် ကျင်းပပြီး ပိုလီယိုရောဂါပပျောက်ရေးအတွက် ဆောင်ရွက်ခဲ့သည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနက တစ်နိုင်ငံလုံး ပိုလီယိုကင်းစင်ပပျောက်ရေးအတွက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို အဆင့်နှစ်ဆင့်ခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်သည်။ ပထမအဆင့်ကို ၂၀၀၇ခုနှစ် နိုဝင်ဘာ၃ရက်မှ ၅ရက်အထိလည်းကောင်း၊ ဒုတိယအဆင့်ကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ၂ရက်မှ ၄ရက်အထိလည်းကောင်း တစ်နိုင်ငံလုံးရှိ မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးပေါင်း ခုနစ်သန်းကျော်တို့အား ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးသွားမည်ဖြစ်သည်။

ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းမှာ ပိုလီယိုအရိုင်းပိုးများ ကူးစက်ဝင်ရောက်မှုများကို ဟန့်တားစေလျက် ရောဂါပျံ့နှံ့မှုမရှိစေရန် ထိန်းချုပ်ရေးပင်ဖြစ်သည်။ ယင်းကဲ့သို့ တိုက်ကျွေးခြင်းဖြင့် ကလေးများသည် ခုခံစွမ်းအားများ မြင့်မားလာပြီး ပိုလီယိုအရိုင်းပိုးများနှင့် ပိုလီယိုကာကွယ်ဆေးမှ အသွင်ပြောင်းလာသော ပိုလီယိုရောဂါပိုးများကို ထိန်းချုပ်သွားနိုင်မည်ဖြစ်သည်။

ကာကွယ်ဆေးများတိုက်ကျွေးရာတွင် မလိုလားအပ်သောဆိုးကျိုးများမှ ကာကွယ်နိုင်ရန်အတွက် ဆေးမတိုက်ကျွေးမီ ကလေးငယ်များအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးပြီးနောက် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၌ ပိုလီယိုရောဂါ ပပျောက်ရေးအတွက် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## သမိုင်းဝင် အပရာဇိတ ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ရန်ကင်းအောင်ကျောင်းနေ ရန်ကင်းအောင်ကျောင်းဆရာတော်၏ မယ်တော် ဒေါ်ရွှေစိန်က ငွေကျပ်တစ်သိန်းကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအေးကို လက်ခံယူသည်။ **(အပေါ်ပုံ)**

### ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါစောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## နိဗ္ဗာန်ရွှေဂူတောရရိပ်သာ တိုးချဲ့မြေအတွက် လှူဒါန်းနိုင်

**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ် အမှတ်၅ မေခလမ်း၌ ဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန (မဟာစရိယB.A) တည်ထောင်ဆောက်လုပ်လျက်ရှိသော မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာနှင့် ကပ်လျက် တိုးချဲ့မြေဝယ်ယူမည်ဖြစ်ရာ တစ်ပေပတ်လည်တစ်ကွက်လျှင် ငွေကျပ် ၅၀၀၀ဖြင့် မည်သူမဆို လှူဒါန်းနိုင်ကြကြောင်းနှင့် လှူဒါန်းလိုပါက ဆရာတော် ဖုန်း-၀၉-၅၁-၃၇၀၈၆နှင့် ၀၁-၃၈၂၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**



ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ၂(က)ရပ်ကွက် ဓမ္မသုခအတွင်းလမ်းနေ နှစ်ဖက်သောမိဘ၊ ဘိုးဘွားနှင့်ဘကြီး၊ ကြီးကြီး၊ ခင်ပွန်း ဦးအောင်သာတို့အား ရည်စူး၍ စေတနာမေသန်း သားသမီးမြေးတစ်စုတို့က ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## မြဝတီရုပ်မြင်သံကြား

၂၄-၉-၂၀၀၇ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄:၂၅ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅:၁၀ | ၆။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၅:၃၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၉။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၆:၃၅ | ၁၁။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၃၆) |
| ၈:၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ | မိုးလေဝသသတင်း |
| | ၁၅။ | အမျိုးသားရေးတေးကဗျာ |
| | ၁၆။ | မေးမြန်းစူးစမ်း |
| | ၁၇။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၁၈။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၃၅) |



အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက် လုပ် ရန် အတွက် ဖခင်ကြီး ဦးသောင်းစိန်အား ရည်စူး၍ ရေဝတီတိုင်း ကျောင်းကုန်းမြို့ မော်သေးရွာနေ မိခင်ဒေါ်ငွေး၊ သား မောင်သိန်း၊ မောင်ကျော်လှိုင်၊ မောင်မြင့်အောင်နှင့် သမီး မတင်လှ၊ မြေး မောင်ကောင်းခန့်ကို၊ မောင်ကျောက်ဒိုး-မဆွေသဉ္ဇာသိန်း၊ မအေးပပခင်၊ မအေးအေးခိုင်မိသားစုက အလှူငွေကျပ်တစ်သိန်းတစ်သောင်းသုံးထောင့်တစ်ရာကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကလျာဏ(နာလန္ဒာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၉-၂၀၀၇ (တနင်္လာနေ့)

**AM&PM**

| | |
|---|---|
| ၇:၀၀ - ၁:၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇:၀၅ - ၁:၀၅ | ဆရာ-ဒကာဆက်ဆံရေး သင်တန်း(ပထမပိုင်း) (အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရ မော်ကွန်းထိန်းဆရာတော်) |
| ၈:၃၀ - ၂:၃၀ | ဂျုံကိုအခြေခံ၍ ထုတ်လုပ်သောစားသောက်ဖွယ်ရာများ |
| ၈:၄၅ - ၂:၄၅ | တေးဂီတအစီအစဉ် |
| ၈:၅၀ - ၂:၅၀ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၉:၀၀ - ၃:၀၀ | စပါးကရွှေ ...ငါးကငွေ (ညီကျော်၊ မိုးဒီ၊ သက်ဦးကို၊ ဆုဝတီမိုး)(ဒါရိုက်တာနိုင်း) |
| ၉:၁၀ - ၃:၁၀ | Yangon Panorama (International Health & Beauty Centre) ဖွင့်ပွဲအခမ်းအနား |
| ၉:၂၅ - ၃:၂၅ | တေးဂီတအစီအစဉ် |
| ၉:၃၀ - ၃:၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၄၀ - ၃:၄၀ | ခိုင်တိုစန်နည်းပညာသစ် အမှိုက်ထဲကရွှေဖြစ် |
| ၉:၅၅ - ၃:၅၅ | တေးဂီတအစီအစဉ် |
| ၁၀:၀၀ - ၄:၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၀၅ - ၄:၀၅ | ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ(နေ့ကောင်းရက်သာ ရွေးချယ်၍ ဗိုက်ခွဲမွေးဖွားလိုသော မိခင်လောင်းများအတွက် ကျန်းမာရေးအမေးအဖြေများ) |
| ၁၀:၂၅ - ၄:၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၃၀ - ၄:၃၀ | ပြည်တွင်းအခွန်များဦးစီးဌာနအကြောင်းသိကောင်းစရာ (တံဆိပ်ခေါင်းခွန်) |
| ၁၀:၄၅ - ၄:၄၅ | တေးဂီတအစီအစဉ် |
| ၁၀:၅၀ - ၄:၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၀၀ - ၅:၀၀ | Diploma Guide (အနုပညာ ကွန်ပျူတာ ဒီပလိုမာသင်တန်း) |
| ၁၁:၄၅ - ၅:၄၅ | တေးဂီတအစီအစဉ် |
| ၁၁:၅၀ - ၅:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၅၅ - ၅:၅၅ | တောင်ကလေးတွင် ကမ္ဘည်းတင် |
| ၁၂:၃၀ - ၆:၃၀ | တေးဂီတအစီအစဉ် |
| ၁၂:၃၅ - ၆:၃၅ | ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ |
| ၁၂:၅၅ - ၆:၅၅ | တေးဂီတအစီအစဉ် |
| ၁:၀၀ - ၇:၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**





**မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံတံခွန်စိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ဗိုလ်စွဲခဲ့သော အောင်ပွဲရ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

## တက်ရောက်

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ပွဲရမြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းအဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြချုပ်နှင့် အသင်းဝင် အမျိုးသမီးဘောလုံးသမားများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သော မျှော်မှန်းချက်ထားရှိပြီး အမျိုးသမီးကဏ္ဍ တိုးတက်မြင့်မားစေရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ အားကစားစသည့် နယ်ပယ် ကဏ္ဍစုံတွင် ထူးချွန်ထက်မြက်သော အမျိုးသမီးစွမ်းဆောင်ရှင်များ ပေါ်ထွန်းလာစေရေးတို့အတွက် အားပေးမြှင့်တင်ဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ မြန်မာအမျိုးသမီးဘောလုံးအားကစားအဆင့်အတန်း တစ်ရှိန်ထိုး တိုးတက်မြင့်မားလာခြင်းသည် ထူးခြားသည့်တိုးတက်ဖြစ်ထွန်းမှုတစ်ရပ်ပင် ဖြစ်ကြောင်း။

မြန်မာအမျိုးသမီး ဘောလုံးအသင်း၏ အောင်မြင်မှုအဆင့်ဆင့်ကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအနေဖြင့် ၁၉၉၅ခုနှစ် (၁၈)ကြိမ်မြောက်ပြိုင်ပွဲတွင် ပထမဦးဆုံးအကြိမ်စတင်ပါဝင် ယှဉ်ပြိုင်ခဲ့ရာ၌ တတိယအဆင့်ကြေးတံဆိပ်ဆု၊ (၁၉)ကြိမ်မြောက်ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆု၊ (၂၀)ကြိမ်မြောက်ပြိုင်ပွဲတွင် အမျိုးသမီးဘောလုံးပြိုင်ပွဲ ထည့်သွင်းကျင်းပခဲ့ခြင်းမပြုခဲ့ဘဲ (၂၁)ကြိမ်မြောက်ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆု၊ (၂၂)ကြိမ်မြောက်ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆုနှင့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း ဒုတိယငွေတံဆိပ်ဆုတို့ကို ဆက်တိုက်ဆွတ်ခူးရရှိခဲ့သည်ကို တွေ့ရကြောင်း။

# အားကစားမြှင့်တင်ရေးမှတစ်ဆင့် ပေါက်ဖွားလာသည့် မြန်မာ့မျိုးချစ်စိတ်ဓာတ် မိဘပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းအားကို ပိုမိုနိုးကြားခိုင်မာစေ

ဂုဏ်ပြုညစာစားပွဲမကျင်းပမီ ဂုဏ်ပြုပွဲအခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ အခမ်းအနားမှူးက အောင်ပွဲရမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် ပါဝင်ကြသူများအား မိတ်ဆက်ပေးသည်။

## ထိုက်ထိုက်တန်တန်

ထို့နောက် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအနေဖြင့် ယခုကဲ့သို့ နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲတစ်ရပ်တွင် ထိုက်ထိုက်တန်တန် အောင်နိုင်ဆု ရယူဆွတ်ခူးနိုင်ခြင်းသည် မိမိနိုင်ငံ မိမိလူမျိုး၏ ဂုဏ်သိက္ခာ၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်း မြင့်မားထည်ဝါမှုဂုဏ်ဒြပ်ကို ပိုမိုပေါ်လွင်ထင်ရှားအောင် စွမ်းဆောင်ပြသလိုက်ခြင်းဖြစ်သည့်အတွက် နိုင်ငံတော်နှင့် ပြည်သူများက ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ရခြင်းဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားအားကစားအဆင့်အတန်း မြင့်မားမှုနှင့်နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်ပန်းဆင်အနိုင်ရရှိမှုတို့က တစ်ဆင့် နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်တင့်တယ်မြင့်မားမှုကို ဖော်ထုတ်ပြသနိုင်စေရမည်ဆိုသည့် သန္နိဋ္ဌာန်ဖြင့် မြန်မာ့အားကစားမြှင့်တင်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုဆိုလျှင် နိုင်ငံတကာအဆင့် အားကစားအောင်နိုင်မှု ဆုတံဆိပ်များ စတင်ဆွတ်ခူးရရှိနေသည့် အခြေအနေကို ပြန်လည်ရောက်ရှိလာခဲ့ပြီ ဖြစ်ကြောင်း။

## အောင်မြင်ဖြစ်ထွန်း

အထူးသဖြင့် ဘောလုံးအားကစားသည် အသက်အရွယ် ကျားမအဆင့်အတန်းမရွေး တစ်မျိုးသားလုံး နှစ်ခြိုက်အားပေးကြသည့် အမျိုးသားအားကစားနည်းတစ်ရပ်ဖြစ်သည့်အတွက် ယခုကဲ့သို့ နိုင်ငံတကာဘောလုံးပြိုင်ပွဲများတွင် အောင်နိုင်မှုများ ဆွတ်ခူးရရှိနိုင်ခြင်းသည် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ် အောင်မြင်ဖြစ်ထွန်းမှုတစ်ရပ်ဟု ပြောရမည်ဖြစ်ကြောင်း။

အမှန်တကယ်အားဖြင့် မြန်မာတစ်မျိုးသားလုံးအနေဖြင့် တစ်ချိန်သောအခါက မြန်မာ့ဘောလုံးလောက၏ အရှေ့တောင်အာရှမှသည် အာရှအဆင့်အထိ တက်လှမ်းအောင်နိုင်ခဲ့မှုအဆင့်အတန်းကို ပြန်လည်ရောက်ရှိလိုသည့်ဆန္ဒသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့်အတူ ယှဉ်တွဲပြီး မည်သည့်ခေတ်၊ မည်သည့်ကာလနှင့်မျှမတူအောင် နိုင်ငံသားတိုင်း၌နိုးကြားထက်သန်လျက် ရှိနေကြောင်း။

ယင်းကဲ့သို့ အခြေအနေအချိန်အခါမျိုးတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းအနေဖြင့် ယခုကဲ့သို့ အာဆီယံအမျိုးသမီး ဘောလုံးချန်ပီယံဆုကြီးကို သုံးနှစ်အတွင်းတွင် ဒုတိယအကြိမ် ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိနိုင်ခြင်းသည် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာအမျိုးသမီးများကို နိုင်ငံတကာ အမျိုးသမီးများနှင့် အဘက်ဘက်တွင် ရင်ပေါင်တန်းနိုင်စေရမည်ဆိုသည့် မွန်မြတ်မြင့်မား

## သမိုင်းစာမျက်နှာ

အာဆီယံအဆင့် အမျိုးသမီးဘောလုံးပြိုင်ပွဲများတွင် ၂၀၀၅ခုနှစ် ပထမအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆု၊ ၂၀၀၆ခုနှစ် ဒုတိယအကြိမ်ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆုနှင့် ယခု ၂၀၀၇ခုနှစ် တတိယအကြိမ်ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုအဖြစ် ထိုက်ထိုက်တန်တန် နှစ်ကြိမ်မြောက် ပြန်လည်ဆွတ်ခူးရယူပေးနိုင်ခြင်းသည် မြန်မာအမျိုးသမီးဘောလုံးအောင်မြင်မှု သမိုင်းစာမျက်နှာကို ပြန်လည်ဖြည့်စွမ်းပေးလိုက်ခြင်းဖြစ်သည်ဟု ဆိုရမည် ဖြစ်ကြောင်း။

ယခုကဲ့သို့ မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်းအောင်နိုင်မှု သရဖူဆောင်းနိုင်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုနှင့်အတူ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေ၊ သဘင်၊ ဂီတ၊ ရုပ်ရှင်အနုပညာရှင်များ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များနှင့် တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိကြသည့် မိဘပြည်သူများအားလုံးက တစ်သွေးတည်း၊ တစ်သားတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အားပေးခဲ့ကြခြင်းသည်လည်း ထက်သန်သည့်အောင်နိုင်လိုမှုဆန္ဒ၊ ထက်မြက်သည့် အမျိုးသားရေးအားမာန်၊ နိုးကြားသည့်မျိုးချစ်စိတ်ဓာတ်တို့ကို တစ်ခဲနက်ဖော်ထုတ်ပြသလိုက်ခြင်းပင် ဖြစ်ကြောင်း။

## စည်းလုံးညီညွတ်မှုခွန်အား

အထူးသဖြင့် အားကစားမြှင့်တင်ရေးမှတစ်ဆင့် ပေါက်ဖွားလာသည့် မြန်မာ့မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်သည် မိဘပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းအားကို ပိုမိုနိုးကြားခိုင်မာစေလျက်ရှိကြောင်း၊ ထင်ထင်ရှားရှား ထင်ဟပ်ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အားကစား နယ်ပယ်ကဏ္ဍစုံတွင် မိမိနိုင်ငံ မိမိလူမျိုး၏ဂုဏ်သိက္ခာအစဉ်ထာဝရ တိုးတက် မြင့်မားနေစေရန်နှင့် နိုင်ငံတကာမျက်နှာစာတွင် ဘက်စုံကဏ္ဍစုံက ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်နေစေရန် မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများ၏ စွမ်းအားကိုအခြေခံပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် မနေမနားအားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

## အားပေးဆောင်ရွက်

ဤကဲ့သို့ အမျိုးသားရေးစွမ်းအားဖြစ်သည့် ပြည်သူများ၏ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုစွမ်းအားကို တည်ဆောက်ပေးနိုင်စေရန် မျှော်မှန်းပြီး မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားစေရအောင် သိမ်မွေ့နက်ရှိုင်းပြီး အဆင့်အတန်းမြင့်မားသည့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုကို မြတ်မြတ်နိုးနိုးထိန်းသိမ်းမြှင့်တင်တတ်သည့် စိတ်ဓာတ်စွမ်းအားဖြင့် ပြည့်စုံစေရအောင်၊ လူမှုရေးအသိစိတ်ဓာတ်မြင့်မားပြီး ဥပဒေစည်းမျဉ်းစည်းကမ်း လိုက်နာစောင့်ထိန်းတတ်သည့် နိုင်ငံကြီးသားအရည်အသွေးများဖြင့်ပြည့်ဝစေရအောင် နိုင်ငံတော်အစိုးရအနေဖြင့် အဘက်ဘက်က ကြိုးပမ်းအားပေးဆောင်ရွက်လျက်ရှိကြောင်း။

ရရှိဖြစ်ထွန်းလာသည့် ပြည်သူများ၏ အားကစားလေ့လာလိုက်စားမှု အလေ့အကျင့်ကောင်းများသည် ပြည်သူများ၏ ကျန်းမာကြံ့ခိုင်မှုစွမ်းအားကို ဖြစ်ထွန်းစေသကဲ့သို့ အမျိုးသားအားကစားမြှင့်တင်ရေးတွင် တညီတညွတ်တစ်စိတ်တစ်ဝမ်းတည်းရှိစေခြင်းကြောင့် မျိုးချစ်စိတ်ဓာတ်နိုးကြားထက်သန်မှု၊ ဥပဒေစည်းမျဉ်းစည်းကမ်း လေးစားလိုက်နာမှု အရည်အသွေးကောင်းများကိုလည်း မြင့်မားစေလျက်ရှိနေပြီဖြစ်ကြောင်း။

## စဉ်ဆက်မပြတ်

ထို့အတူနိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းသာယာမှုအခြေခံကောင်းများ၊ အမျိုးသားစီးပွားရေးဘဝတိုးပွားခိုင်မာမှု အခြေခံကောင်းများ၊ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဘဝ တိုးတက်မြင့်မားမှု အခြေခံကောင်းများကြောင့် ရေမြင့်လျှင်ကြာတင့်ဆိုသကဲ့သို့ အမျိုးသားအားကစားအဆင့်အတန်းသည်လည်း သိသိသာသာမြင့်မားလာခဲ့ပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်နိုင်မှုဆုတံဆိပ်များ စဉ်ဆက်မပြတ်ရယူဆွတ်ခူးလာနိုင်မှု အခြေအနေကောင်းများကို ဖန်တီးဖော်ဆောင်ပေးနိုင်နေပြီ ဖြစ်ကြောင်း။

အလားတူပင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအားကစားသမားများ၏ ဇွဲ၊ လုံ့လ၊ ဝီရိယအားမာန်အပြည့်အဝဖြင့် အားထုတ်ကြိုးပမ်းမှု၊ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးစိတ်ဓာတ် မြင့်မားထက်သန်စွာဖြင့် စည်းလုံးညီညွတ်စွာ ယှဉ်ပြိုင်အနိုင်ယူနိုင်မှု စွမ်းအားကောင်းများကြောင့်လည်း ယခုကဲ့သို့အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ အောင်ပွဲရ မြန်မာအမျိုးသမီးဘောလုံးအားကစားသမားများအနေဖြင့်–

- **နိုင်ငံတော်နှင့်ပြည်သူများ တစ်ခဲနက်အားပေးချီးမြှောက်နေသည့် အခြေအနေ၊ အချိန်အခါကောင်းတွင် ရရှိပြီးဖြစ်သည့် အောင်မြင်မှုများကို အနာဂတ်သို့တိုင် ထိန်းသိမ်းသယ်ဆောင်သွားနိုင်စေရေးအတွက် မလျှော့သော ဇွဲ၊ လုံ့လ၊ အားမာန်စိတ်ဓာတ်တို့ဖြင့် ဆက်လက်အားထုတ်ကြိုးပမ်းသွားကြပါ၊**
- **ထူးချွန်ထက်မြက်သည့် မြန်မာ့လက်ရွေးစင် ဘောလုံးသမားများအဖြစ်ဖြင့် ဆက်လက်ပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးနိုင်စေရန် အလေးထားကြိုးပမ်းသွားကြပါ**

ဟု အလေးအနက်တိုက်တွန်းမှာကြားသွားသည်။

## ဂုဏ်ပြုမှတ်တမ်းလွှာ

ယင်းနောက် အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအတွက် ဂုဏ်ပြုဆုငွေများအဖြစ် အလှူရှင်များဖြစ်ကြသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့က ငွေကျပ် ၁၀သိန်းစီ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ငွေကျပ်၁၅သိန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၂၅သိန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ်၁၀သိန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်က ငွေကျပ်ငါးသိန်း၊ ဦးတင့်ဆန်း(ဥက္ကဋ္ဌ၊ ACE ဆောက်လုပ်ရေး)နှင့် ဦးရန်ဝင်း(ဥက္ကဋ္ဌ၊ A-1ဆောက်လုပ်ရေး)တို့က ငွေကျပ်၂၅သိန်းစီ၊ IGE ကုမ္ပဏီက ငွေကျပ်သိန်း၃၀၀၊ Asia World Co., Ltd.၊ Htoo Trading Co., Ltd.၊ Max Myanmar Co., Ltd.၊ ကမ္ဘောဇဘဏ်နှင့် Jewellery Luck Co., Ltd. တို့က ငွေကျပ်သိန်း ၁၀၀စီ၊ အေရာရွှေဝါကုမ္ပဏီက ငွေကျပ်သိန်း၅၀၊ ဦးချစ်ခိုင် (ဥက္ကဋ္ဌ ဧဒင်ဆောက်လုပ်ရေး)ကငွေကျပ် ၂၅သိန်း၊ ဦးရွှတ်ပ်ဇခေါင်နှင့် ဦးခွန်ဆာ (ပါဟုတ်ဒူဝါကုမ္ပဏီ)တို့က ငွေကျပ် သိန်း၂၀စီ၊ ဦးကိုကိုထွေး (တော်ဝင်မိသားစုကုမ္ပဏီ)က ငွေကျပ် ၁၀သိန်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC)တို့က ငွေကျပ်သိန်း ၅၀စီ၊ ဦးအောင်မိုးကျော်(IBTC Co., Ltd.)ကငွေကျပ် ၁၀သိန်း၊ Dr. Pandora Aung Gyi က

**စာမျက်နှာ ၁၁ ကော်လံ ၃ သို့**

# မြန်မာပြည်သူတို့၏ အမျိုးသားရေးဂုဏ်ဒြပ် ဝင့်ကြွားမြင့်မားစေသည့် ချန်ပီယံ မြန်မာအမျိုးသမီးဘောလုံးအသင်း၏ အောင်ပွဲခံညချမ်း



၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုဖလား။

သတင်းဆောင်းပါး – ကိုထွေး
ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

**ပြုံးပျော်ကြည်နူး**

**မြန်မာအမျိုးသမီးဘောလုံးအသင်း ထိုင်းအသင်းဘက်သို့ ပယ်နယ်တီအနိုင်ဂိုးများ သွင်းယူပြီးနောက် ဤသို့ဝမ်းသာအယ်လဲ ပြုံးပျော်ကြည်နူးခဲ့ကြသည်။** (မြန်မာ့အလင်း)



**နေပြည်တော် စက်တင်ဘာ ၂၃**

နံနက်လင်းအရုဏ်မတက်မီ ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းအနီးရှိ Goal Hotel မှ မော်တော်ယာဉ်များ စတင်ထွက်ခွာကြသည်။ အောင်ပွဲရ မြန်မာအမျိုးသမီးဘောလုံးအသင်းမှ အားကစားသမားများနှင့် ဂုဏ်ပြုညစာစားပွဲ၌ သီဆိုဖျော်ဖြေကြမည့် နာမည်ကြီးအဆိုတော်များပါဝင်သည့် Express ကားကြီးက ယနေ့နံနက် ၃နာရီခွဲမှာပင် စတင်ထွက်ခွာသွားကြသည်။

**စတင်ထွက်ခွာ**

မြန်မာအမျိုးသမီးဘောလုံးအသင်း အဖွဲ့ခေါင်းဆောင်နှင့် နည်းပြများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများပါဝင်သည့် ၆ခ/၃၃၉၉ မော်တော်ယာဉ်က နံနက် ၄နာရီမှ စတင်ထွက်ခွာသည်။ အားကစားမီဒီယာသမားများကို နံနက် ၄နာရီတွင် ကားထွက်မည်ဟု အကြောင်းကြားထားသဖြင့် စောင့်ကြရခြင်းဖြစ်သည်။

**ပြိုင်ပွဲအတွေ့အကြုံများ ဖလှယ်ခွင့်ရ**

မြန်မာအမျိုးသမီးဘောလုံးအသင်း အဖွဲ့ခေါင်းဆောင် ဦးစိုးမြင့်လွင်နှင့် နည်းပြချုပ် ဦးအေးကြူကြီးတို့၏ကြားတွင် နေရာရသဖြင့် ပြိုင်ပွဲအတွေ့အကြုံများကို စိတ်တိုင်းကျဖလှယ်ခွင့်ရသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဦးတင်အောင်(ဂိုး)၊ ဦးအေးမောင်ကြီး၊ ရုံးအဖွဲ့မှူး ဦးကိုကိုသိန်းတို့နှင့် စကားဝိုင်းဖွဲ့ကြရင်း ထောက်ကြန့်ကျော်တော့ အားလုံး အိပ်ပျော်သွားကြသည်။

ပဲခူးမြို့အဝင် ရှမ်းမေတ္တာစားသောက်ဆိုင်မှာ ကားရပ်တော့ နံနက်၆နာရီရှိပြီ။ ရာသီဥတုသာယာသဖြင့် နေတောင်ဖျိုးဖျကျနေသည်။ ဟာနေသည့် ဝမ်းဗိုက်ကိုဖြည့်ကြပြီး ခရီးဆက်ဖို့ပြင်တော့ နံနက်၇နာရီ ထိုးတော့မည်။ အမျိုးသမီးဘောလုံးသမားတွေက Express ကားကြီးပေါ်မှ သူတို့နည်းပြဆရာတွေကို လှမ်းနောက်ပြောင်ကျီစယ်ကြသည်။

**ချန်ပီယံဆုဖလားယူခဲ့တဲ့ကား**

နည်းပြချုပ် ဦးအေးကြူကြီးက "ဟော့–ဒီကားက ချန်ပီယံဆုဖလားယူခဲ့တဲ့ကားနော်၊ ငါတို့က အဲဒါကို မမေ့အောင် ဒီကားပဲစီးတာ"ဟု ပြန်၍ စကားနာထိုးသည်။ ၆ခ/၃၃၉၉ Sightseeing Bus က ၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲကာလအတွင်းက မြန်မာအမျိုးသမီးဘောလုံးအသင်းစီးခဲ့သော ကားဖြစ်သည်။ ***စာမျက်နှာ ၅ ကော်လံ ၁***




**ပယ်နယ်တီဂိုး**

**မြန်မာအမျိုးသမီး အသင်းအတွက် ဒုတိယပယ်နယ်တီဂိုးကို ကွင်းလယ်တိုက်စစ်မှူး သန်းသန်းထွေး ဤသို့ကန်သွင်းယူခဲ့သည်။** (မြန်မာ့အလင်း)

**၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာပရိသတ်များ မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးအားမာန်အပြည့်ဖြင့် ဤသို့တစ်ခဲနက်ကြည့်ရှု အားပေးခဲ့ကြသည်။** (မြန်မာ့အလင်း)





**ထိုးဖောက်ကစား**

**မြန်မာအမျိုးသမီးအသင်းမှ ရှေ့တန်းတိုက်စစ်မှူး မိုင်နီလာထွေး ထိုင်းအသင်းဘက်သို့ တရစပ်ထိုးဖောက် ကစားဟန်။** (မြန်မာ့အလင်း)

24-9 (04) 1 9/24/07, 2:14 AM

*စာမျက်နှာ ၄ မှ*

ပဲခူးမြို့မှ ဆက်ထွက်လာတော့ တစ်ညလုံးမအိပ်ခဲ့ရသဖြင့် ငိုက်မြည်းကာ အိပ်ပျော်သွားသည်။ဒိုက်ဦး၊ညောင်လေးပင်မှာ ပြန်နိုးလာပြီး စကားကောင်းကြပြန်သည်။ နောက်တစ်ကြိမ်ပြန်နိုးလာတော့ တောင်ငူမြို့အလွန် ကေတုမတီမြို့သစ်ရှိ Pioneerစားသောက်ဆိုင်မှာ နံနက်စာ စားကြသည်။ ရှမ်းမေတ္တာမှာ ထမင်းကြော် အဝစားခဲ့သော်လည်း မွန်းလွဲ ၁၂နာရီခွဲ၌ Pioneer စားသောက်ဆိုင်ရောက်တော့ ဗိုက်ဆာနေကြပြီ။

## အမှတ်တရဓာတ်ပုံရိုက်

Pioneerစားသောက်ဆိုင်မိသားစုက အောင်ပွဲရ မြန်မာအမျိုးသမီးဘောလုံးအသင်းကို မျက်ဝါးထင်ထင် မြင်ခွင့်ရပြီး သူတို့ဆိုင်မှာ အားပေး၍ ဝမ်းသာနေသည်။ ကြိုပြီးသိရင် ပန်းကုံးစွပ်ပြီး ကြိုချင်တာဟု ဆိုင်ရှင်အမျိုးသမီးက ပြောသည်။ ဆိုင်မှ ကားထွက်ခါနီး Pioneer ဆိုင်းဘုတ်ရှေ့မှာ မြန်မာအမျိုးသမီးအသင်း အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ Pioneerက အစားအသောက်ကောင်း၍ ဗိုက်တင်းကာ အိပ်ရေးပျက်ပျက်နှင့် ငိုက်ကြပြန်သည်။

နေပြည်တော် ဟိုတယ်ဇုန်ကို ညနေ ၃နာရီမှာ ရောက်ကြသည်။ ရွှေနန်းတော်ဟိုတယ်ဝန်ထမ်းတွေက လိမ္မော်ရည်ကမ်း၍ ညှော့ဝတ်ကျေကြသည်။ ခရီးပင်ပန်းလာသမျှ ရေချိုးပြင်ဆင်ကြပြီး ဂုဏ်ပြုညစာစားပွဲကျင်းပမည့် နေပြည်တော် မြို့တော်ခန်းမသို့ ညနေ ၅နာရီ ၁၅မိနစ်တွင် ထွက်လာကြသည်။

## ခံ့ညားထည်ဝါ

မွန်းလွဲပိုင်းက နေပူခဲ့သော်လည်း ဂုဏ်ပြုပွဲအခမ်းအနားမစတင်မီ မိုးဖွဲဖွဲ ရွာလာ၍ အေးစိမ့်စိမ့်ခံစားရသည်။ လွတ်လပ်ရေးနေ့ ညစာစားပွဲ၊ အကယ်ဒမီဆုပေးပွဲတို့ ကျင်းပခဲ့သည့် နေပြည်တော်မြို့တော်ခန်းမက မီးရောင်စုံတို့ဖြင့် လှပဝေဆာနေသည်။ အဝေးမှကြည့်လျှင် မီးရောင်စုံပြိုးပြိုးပြက်ပြက်အောက်၌ ခံ့ညားထည်ဝါလွန်းလှသည်။

ထိုင်းအမျိုးသမီးဘောလုံးအသင်းကို နှစ်ကျော့နှစ်လီ အနိုင်ယူပြီး အာဆီယံချန်ပီယံဆုဖလား ဆွတ်ခူးရယူနိုင်ခဲ့သည့် မြန်မာအမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုသည့်အခမ်းအနားက ကျက်သရေအပေါင်းနှင့် ခညောင်းလှသည်။ ရှေးဦးစွာ မြန်မာအမျိုးသမီး ဘောလုံးအသင်းမှ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။

## ဂုဏ်ပြုအမှာစကား

ထို့နောက် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအတွက် အလှူရှင်များက ဂုဏ်ပြုဆုငွေများပေးအပ်ကြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်တို့က လက်ခံကြသည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းမှာ ငွေကျပ် ၁၃၁၆သိန်းဖြစ်ရာ မကြုံစဖူး ထူးကဲသည့် ဂုဏ်ပြုဆုငွေဟု ဆိုရမည်ဖြစ်သည်။

ဆက်လက်၍ ချန်ပီယံမြန်မာအမျိုးသမီးဘောလုံးအသင်း၏ အသင်းခေါင်းဆောင် စန်းစန်းမော်က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အာဆီယံ ချန်ပီယံဆုဖလားကြီးအား အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ ပေးအပ်သည်။

## ဝမ်းသာဂုဏ်ယူအပြုံး

ထို့နောက် မြန်မာအမျိုးသမီး ဘောလုံးအသင်း၏ ယှဉ်ပြိုင်ကစားမှုမှတ်တမ်းဗီဒီယိုကို ပြသရာ ဂုဏ်ပြုပွဲလာ ဧည့်ပရိသတ်များ၏ ဝမ်းသာဂုဏ်ယူအပြုံးများက **ဒို့မြန်မာနိုင်ပြီ** သီချင်းနှင့်အတူ ဝေစည်နေသည်။ ရန်ကုန်မြို့မှ တကူးတကလိုက်ပါလာကြသော အဆိုတော် ရင်ဂို၊ ဂရေဟမ်၊ အယ်လ်ဆိုင်းဇီနှင့် မေခလာ စသည့် နာမည်ကြီး အဆိုတော်များ၏ ဂုဏ်ပြုသီချင်းဆိုမှုများက ဂုဏ်ပြုပွဲအခမ်းအနားကို ပို၍ပန်းရစေခဲ့သည်။

## ကြုံတောင့်ကြုံခဲ

ဂုဏ်ပြုပွဲအခမ်းအနားအပြီးတွင် ချန်ပီယံဆုဖလားကြီးနှင့်အတူ စင်မြင့်ထက်၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အမှုဆောင်အဖွဲ့ဝင်များနှင့် မြန်မာအမျိုးသမီးဘောလုံးအသင်းအဖွဲ့ဝင်များ၏ ကြုံတောင့်ကြုံခဲ အမှတ်တရဓာတ်ပုံရိုက်ကူးမှုဖြင့် မီးရောင်များက တဖျတ်ဖျတ်လက်နေသည်။

တစ်ဦးနှင့်တစ်ဦး ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်ကြကာ အောင်မြင်မှုအတွက် အပြန်အလှန် ချီးကျူးစကားသံများက လှိုင်နေသည်။ ချန်ပီယံ မြန်မာအမျိုးသမီးဘောလုံးအသင်း၏ အောင်ပွဲခံညချမ်းသည် နေပြည်တော် မြို့တော်ခန်းမ၏ လှပတင့်တယ်မှုနှင့်အတူ ပြီးပြည့်စုံသော ကဗျာတစ်ပုဒ် ဖြစ်သွားခဲ့သည်။

## သမိုင်းဝင်အမှတ်တရ

**နေပြည်တော် ရာသီဥတုက မိုးဖွဲဖွဲနှင့် ချမ်းမြမြ၊ မြို့တော်ခန်းမ၏ မီးရောင်စုံတို့က ပြိုးပြိုးပြက်ပြက်နှင့် လင်းလင်းလက်လက်၊ မြန်မာပြည်သူတို့၏ အမျိုးသားရေးဂုဏ်ဒြပ်ကို ဝင့်ဝင့်ကြွားကြွား မြင့်မားစေခဲ့သော မြန်မာအမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုသည့်ပွဲကား သမိုင်းဝင် အမှတ်တရဟု ဆိုရမည်ဖြစ်ပါကြောင်း။ ॥ (မြန်မာ့အလင်း)**




**မြန်မာအမျိုးသမီးဘောလုံးအသင်း၏ စိတ်ဓာတ်ရေးရာ မြင့်မားမှု၊ ကြိုးစားအားထုတ်မှုနှင့်အတူ အားကစားစိတ်ဓာတ်အပြည့်ဖြင့် တည်ငြိမ်စွာ ကစားသွားနိုင်မှုကြောင့် ၂၀၀၇ခုနှစ် တတိယ အကြိမ် အာဆီယံ တံခွန်စိုက် အမျိုးသမီး ချန်ပီယံဆုဖလားကြီးကို နှစ်ကျော့နှစ်လီ ဤသို့ ပြန်လည်ဆွတ်ခူးနိုင်ခဲ့သည်။** (မြန်မာ့အလင်း)

## လှည့်လည်အောင်ပွဲခံ

**မြန်မာအမျိုးသမီးဘောလုံးအသင်း အားကစားသမားများ နိုင်ငံတော်အလံ ကိုင်ဆောင်ပြီး သုဝဏ္ဏကွင်းအတွင်း ဂုဏ်ယူဝင့်ကြွားစွာ ဤသို့လှည့်လည်အောင်ပွဲခံခဲ့ကြသည်။** (မြန်မာ့အလင်း)

**❑ တစ်ဦးနှင့်တစ်ဦး ဝမ်းသာအားရ လက်ဆွဲနှုတ်ဆက်ကြကာ အောင်မြင်မှုအတွက် အပြန်အလှန် ချီးကျူး စကားသံများက လှိုင်နေ၊ ချန်ပီယံမြန်မာအမျိုးသမီး ဘောလုံးအသင်း၏ အောင်ပွဲခံညချမ်းသည် နေပြည်တော်မြို့တော်ခန်းမ၏ လှပတင့်တယ်မှုနှင့်အတူ ပြီးပြည့်စုံသော ကဗျာတစ်ပုဒ်ဖြစ်သွားခဲ့။**

**❑ နေပြည်တော်ရာသီဥတုက မိုးဖွဲဖွဲနှင့် ချမ်းမြမြ၊ မြို့တော်ခန်းမ၏ မီးရောင်စုံတို့က ပြိုးပြိုးပြက်ပြက်နှင့် လင်းလင်းလက်လက်၊ မြန်မာပြည်သူတို့၏ အမျိုးသားရေးဂုဏ်ဒြပ်ကို ဝင့်ဝင့်ကြွားကြွား မြင့်မားစေခဲ့သော မြန်မာအမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုသည့်ပွဲကား သမိုင်းဝင် အမှတ်တရဟု ဆိုရမည်။**



**မြန်မာအမျိုးသမီးဘောလုံးအသင်း၏ အောင်မြင်မှု သမိုင်းစာမျက်နှာသစ်ကို ဤသို့ အောင်ပွဲခံ ဖြည့်စွမ်းပေးလိုက်ခြင်းဖြစ်သည်။** (မြန်မာ့အလင်း)



# ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားဘက်စုံပြုပြင်ထားမှု တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး အလှူငွေပေးအပ်ပွဲ တက်ရောက် အလှူငွေလက်ခံ

ရန်ကုန် စက်တင်ဘာ ၂၃

**မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့သည် ကျိုက်မရောမြို့သို့ ရောက်ရှိပြီး ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားဘက်စုံပြုပြင်မွမ်းမံဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ ဆုတောင်းပြည့်ဘုရားကြီးအား ဖူးမြော်ကြည်ညိုကြသည်။**

### တက်ရောက်

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ကျိုက်မရောမြို့ ဘုရားကြီးကျောင်းတိုက်၌ ကျင်းပသော ဆုတောင်းပြည့်ဘုရားကြီး ဘက်စုံမွမ်းမံပြုပြင်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

### ငါးပါးသီလခံယူ

ရှေးဦးစွာ ကျိုက်မရောမြို့ ဘုရားကြီးကျောင်းတိုက် ဩဝါဒါစရိယ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရိန္ဒထံမှ တိုင်းမှူးနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

### လှူဖွယ်ပစ္စည်းဆက်ကပ်

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်ဇနီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်ဇနီးတို့က အလှူငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းကြရာ ဆုတောင်းပြည့်ဘုရားကြီး ဘက်စုံပြုပြင်တည်ဆောက်ရေး ဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်သိန်းဟန်က လက်ခံသည်။

ထို့နောက် ကျိုက်မရောမြို့ဘုရားကြီး ကျောင်းတိုက် ဩဝါဒါစရိယ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရိန္ဒ၏ လှူဒါန်းငွေကျပ် ငါးသိန်းနှင့် အလှူရှင်များ၏ လှူဒါန်းငွေများကို တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများက လက်ခံကြသည်။ အလှူရှင်များ၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ်၁၀၃သိန်းဖြစ်သည်။

### ရေစက်သွန်းချအမျှဝေ

ယင်းနောက် ကျိုက်မရောမြို့ ဘုရားကြီးကျောင်းတိုက် ဩဝါဒါစရိယ ဆရာတော်ထံမှ တိုင်းမှူးနှင့် ပရိသတ်တို့က အနုမောဒနာတရားနှင့်ရေစက်ချတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**နှစ်ဖက် မိဘများ ဖြစ်သော ဦးအောင်ဘန်း-ဒေါ်ကြည်၊ ဦးထွန်းရှင်-ဒေါ်ညွန့် တို့အား ရည်စူး၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်ထွန်းလင်းလမ်း အမှတ် ၁၂ နေ ဦးဝင်းမြင့်-ဒေါ်ကြူကြူမွန် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်းမင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့)ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# မေတ္တာမွန်သွေးလှူရှင်အဖွဲ့ သွေးနှင့် ဆေးဝါးပစ္စည်းများလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၃**

မေတ္တာမွန်သွေးလှူရှင်အဖွဲ့ (ရှိုင်းဟုပ်ကုမ္ပဏီ)မှ သွေးလှူရှင် ၅၀တို့သည် (၄၅)ကြိမ်မြောက် သွေးနှင့်ဆေးဝါးပစ္စည်းများ လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉နာရီက မင်္ဂလာဒုံ တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ ကျင်းပရာ ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက ဆေးရုံတွင် တက်ရောက်ကုသနေသည့် လူနာများအတွက် သွေးနှင့်ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။



### ပေးအပ်လှူဒါန်း

ထို့နောက် မေတ္တာမွန်သွေးလှူရှင်အဖွဲ့က ဆေးဝါးအတွက် အလှူငွေ ပေးအပ်လှူဒါန်းရာ **(ဝဲပုံ)**အရိုးရောဂါ ပါရဂူဒုတိယ ဗိုလ်မှူးကြီးဒေါ်ဝင်းမော်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

### လှည့်လည်ကြည့်ရှုအားပေး

ယင်းနောက် တာဝန်ရှိသူများက သွေးလှူဒါန်းနေသည်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

# သိမ်ဆောက်လုပ်ရန် ငွေလှူဒါန်းနိုင်

**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဆင်စခန်းအုပ်စု ဂျိုးဖြူလမ်း အုန်းခြံအနီး ဆရာတော် ဘဒ္ဒန္တကုသလ (အစိုးရဓမ္မာစရိယ) တည်ထောင်ဆောက်လုပ်လျက်ရှိသော သစ္စာမဏ္ဍိုင်အေးငြိမ်းချမ်းသာ ဓမ္မရိပ်သာ ကျောင်းတိုက်အတွင်း သိမ်တော်ကြီး ဆောက်လုပ်ရန်လိုအပ်လျက် ရှိသည်။

လှူဒါန်းလိုသူများသည် ကျောင်းတိုက်မှခ်ဦး မဟာရံတံတိုင်း တစ်ခန်းလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် မည်သူမဆို ဖုန်း-၀၁-၃၈၂၇၅၆သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။

**(က-ပ)**

# လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြီး ရပ်ကွက်နှင့်ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ရက် နံနက် ၈နာရီက ဝိုင်းမော်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး ဆမားခန်းမဆောင်တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းကာလမှာ ရက်သတ္တ တစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။** (မြို့နယ် ပြန်/ဆက်)

# ဘ၀တွက်တာ ကျွမ်းကျင်စရာ ဘာသာရပ်သင်တန်း ခင်ဦး၌ဖွင့်

ပညာရေးဝန်ကြီးဌာနနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်းဖွင့်လှစ်သော မူလတန်းအဆင့် ဘ၀တွက်တာကျွမ်းကျင်စရာဘာသာရပ် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၈ရက် နံနက် ၈နာရီက ခင်ဦးမြို့ အထက သီရိရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင် တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဘကျမ်က မူလတန်းအဆင့် ဘ၀တွက်တာကျွမ်းကျင်စရာဘာသာရပ်သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ဆရာဆရာမ ၂၈၉ဦး တက်ရောက်ကြောင်း သိရသည်။ **(က-ပ)**

# ထန်တလန်မြို့၌ စာကြည့်တိုက်အဆောက်အအုံလှူဒါန်း

ထန်တလန်မြို့နယ် ဆိုပွမ်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံ လှူဒါန်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ၂၀ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးနီးကျင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသော်လင်းနှင့် အဆောက်အအုံအလှူရှင်ဦးမွန်ကာရ်တို့က စာကြည့်တိုက် အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာကြည့်တိုက်အဆောက်အအုံ အလှူရှင် ဦးမွန်ကာရ်က ကျေးရွာစာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေး ကော်မတီဥက္ကဋ္ဌ ဦးဟရန်သွမ်းအား အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။ အဆောက်အအုံမှာ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးအလျား ၄၈ပေ၊ အနံ ၂၈ပေဖြစ်သည်။ **(ပြည်နယ် ပြန်/ဆက်)**

**မြန်မာ့အလင်း**

**ပြည်တွင်း သတင်း အတိုအထွာ**

# ပုလဲမြို့၌ ခြင်ဆေးဖျန်း

စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့၏ စီမံချက်အရ မုံရွာခရိုင် ပုလဲမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာမူလတန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း သင်တန်းကျောင်းတို့ရှိ ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းသူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်ထွန်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမြင့်တို့က လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ စက်တင်ဘာ ၈ရက်က ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



**ရန်ကင်းမြို့နယ် နှင်းဆီလမ်း ပါရမီရိပ်သာ တိုက် ၆၄၈နေ ဦးကံဆင့်နှင့် မိသားစုက ဒေါ်ဝင်းမြင့်အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ကင်ဆာဆေးမျိုးစုံ လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ကိုယ်စား အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် သူနာပြုအုပ် ဒေါ်မြင့်မေတို့က လက်ခံယူစဉ်။** (က-ပ)

# မူးယစ်ကင်းစင် အလှဆင်

# ဟောပြောဆွေးနွေးပွဲနှင့် တိရစ္ဆာန်ဆေးဝါးများ လှူဒါန်း

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ပူးပေါင်းဆောင်ရွက်မှုဖြင့် မှီအဆိပ်သင့်ခြင်းမှ ကာကွယ်ခြင်း၊ အစာခြေအင်ဇိုင်းများ သုံးစွဲခြင်းဆိုင်ရာ ဟောပြောဆွေးနွေးပွဲနှင့် တိရစ္ဆာန်ဆေးဝါးများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၁၈ ရက် နံနက် ၉နာရီခွဲက ကျင်းပရာ ရှမ်းပြည်နယ် (တောင်ပိုင်း)မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းအေးက ဆေးဝါးများလှူဒါန်းရခြင်းနှင့် ဆွေးနွေးပွဲကျင်းပရခြင်း အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး ဆက်လက်၍ Welcome General Traing Co.,Ltd. Myanmar ကုမ္ပဏီမှ တာဝန်ရှိသူများက တိရစ္ဆာန်ဆေးဝါးများ ပေးအပ်လှူဒါန်းပြီး ဆွေးနွေးပွဲများကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။** (က-ပ)

# ရင်ကျပ်ရောဂါကုသစက်နှင့် မီးအားမြှင့်စက်လှူဒါန်း

**ဆားလင်းကြီးမြို့ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆေးရုံသို့ ဆားလင်းကြီးမြို့နယ် ပေါင်းဝကျေးရွာမှ အလှူရှင်များက ရင်ကျပ်ရောဂါကုသစက်နှင့် မီးအားမြှင့်စက် လှူဒါန်းပွဲကို ဩဂုတ် ၃၁ရက် နံနက် ၉နာရီက ဆားလင်းကြီးမြို့ မြို့နယ်ပြည်သူ့ဆေးရုံတွင် ကျင်းပရာ အလှူရှင်များကိုယ်စား ပေါင်းဝကျေးရွာ ဥက္ကဋ္ဌ ဦးထွန်းလင်းက ရင်ကျပ်ရောဂါကုသစက်နှင့် တစ်ဆယ်ကေဗွီမီးအားမြှင့်စက်ကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဦးတင်မောင်ညွန့်ထံ ပေးအပ်လှူဒါန်းသည်။** (မြို့နယ် ပြန်/ဆက်)





# ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## တိုင်းမှူးဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၃

**ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ၂၁ရက် ညနေ၅နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**အမှာစကားပြောကြား**

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

**ရှင်းလင်းတင်ပြ**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တက္ကသိုလ်ကြို/ပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ညှိနှိုင်းဖြည့်ဆည်းပေး**

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# သဃ်န်းကျွန်းမြို့နယ် ကြက်ခြေနီအသင်းကြီးမှူး ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲနှင့် ကျောင်းကျန်းမာရေး ဆေးပေးခန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၀၇)ဆင်းပွဲနှင့် ကျောင်းကျန်းမာရေးဆေးပေးခန်းဖွင့်ပွဲကို စက်တင်ဘာ၂၁ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ပြန်ကြားဆက်သွယ်ရေးဌာနမှ အသိပညာ ပြန့်ပွားရေးအရာရှိ ဒေါ်မြင့်မြင့်ဦးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

**ဆုပေးအပ်ချီးမြှင့်**

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ဖြူဖြူစိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းထူးချွန်ဆုရရှိသူများအား ဒေါက်တာဒေါ်ဖြူဖြူစိုးနှင့် မြို့နယ်ကြက်ခြေနီအသင်းအမှုဆောင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးရဲမင်းထွဋ်တို့က ဆုများကို ပေးအပ်ချီးမြှင့်ကြ၍ ကျောင်းကျန်းမာရေး ဆရာဝန် ဒေါက်တာဒေါ်ကြော့ကြော့က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

**အသင်းဝင်အဆိုပြုလွှာပေးအပ်**

ယင်းနောက် ကျောင်းကြက်ခြေနီ အသင်းဝင်အဆိုပြုလွှာများကို မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌထံ ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလေးသွယ်က သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကာ **(အပေါ်ပုံ)** ကျေးဇူးတင်စကား ပြောကြားသည်။

**တက်ရောက်**

ရှေးဦးပြုစုခြင်း အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၀၇)သို့ ကျောင်းသားကျောင်းသူ ၃၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

## အာလူး၊ အကောင်းစားဆန်နှင့် ဂျုံတို့ များများစားသုံးလျှင် အသည်းအဆီဖုံးခြင်း ဖြစ်ပွားနိုင်

အာလူး၊ အကောင်းစားဆန်နှင့် ဂျုံတို့ကိုနေ့စဉ်များများ စားသုံးပါက ယင်းတို့တွင်ပါဝင်သော ဓာတ်အချို့က အသည်းကို ထိခိုက်ဖျက်ဆီးစေကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏ သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြသည်။

**ဖော်ပြ**

အဆိုပါ နေ့စဉ်စားသုံးသောအစားအစာများတွင် ကယ်လိုရီများစွာ ပါဝင်ပြီး သွေးမှတစ်ဆင့် အသည်းသို့ရောက်ရှိကာ အသည်းအဆီဖုံးခြင်း ရောဂါများဖြစ်ပွားတတ်ကြောင်း၊ ထို့အပြင်ယင်းနှင့်ဆက်စပ်သော ရောဂါများလည်း ဖြစ်ပွားလေ့ရှိကြောင်း ၎င်းတို့၏သုတေသနပြုချက်၌ ဖော်ပြသည်။

အခြားအစားအစာများထက် အကောင်းစားဆန်နှင့် ဂျုံ၊ အာလူးတို့ကို များများစားသုံးခြင်းသည် နေ့စဉ်အသံတိတ်ဖြင့် အသည်းကိုအဆီဖုံးခြင်းနှင့် အသည်းရောဂါများ ဖြစ်ပွားနေတတ်သည်ဟု ၎င်းတို့က ပြောကြားသည်။

**အကြံပြု**

ထို့ကြောင့် ကယ်လိုရီများသော အစားအစာများဖြစ်သည့် ဆန်အကောင်းစားနှင့် ဂျုံ၊ အာလူး၊ ဒိန်ခဲ စသည်တို့ကိုလျှော့စားသင့်ပြီး၊ အဆီထုတ်ထားသော အသား၊ ဆန်လုံးညိုနှင့်အသီးအနှံများကို ပုံမှန်စားသုံးကာ ကယ်လိုရီအနည်းဆုံးဖြစ်သည့်အဆီထုတ်ထားသော အစားအစာများ၊ ဟင်းသီးဟင်းရွက်များကို ပိုမိုစားသုံးသင့်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက အကြံပြုထားသည်။ (အင်တာနက်)



# ယခင်အတွေ့အကြုံများအပေါ် အခြေခံ ဘဏ်လုပ်ငန်းတိုးတက်ရေးဆောင်ရွက်

## ပြည်တွင်း၊ ပြည်ပ သတင်းအချက်အလက်နှင့် ပညာရပ်ဆိုင်ရာများ ဆည်းပူးလေ့လာ ငွေကြေးခဝါချမှု ကာကွယ်တားဆီးရေးဆိုင်ရာ အမိန့်နှင့်ညွှန်ကြားချက်များ တိကျစွာလိုက်နာ

**ရန်ကုန် စက်တင်ဘာ ၂၃**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံ ဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၉၃)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ ဒါရိုက်တာအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ်များကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ ဘဏ်များ ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံဘဏ်များအသင်း ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိဦးစီးဌာနနှင့်လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ဘဏ်နှင့်ပုဂ္ဂလိကဘဏ်တို့မှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာဒုတိယဝန်ကြီးဗိုလ်မှူးကြီး လှသိန်းဆွေက အမှာစကားပြောကြားရာတွင် ဘဏ်များ အားလုံးသည် ယခင်အတွေ့အကြုံများအပေါ် အခြေခံပြီး ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ သတ်မှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းညွှန်ကြားချက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်း စဉ်ဆက်မပြတ်တိုးတက်ထွန်းကားစေရန်အတွက် ဘဏ်လုပ်ငန်းဆိုင်ရာ ပြည်တွင်း၊ ပြည်ပသတင်းအချက်အလက်များနှင့် ပညာရပ်ဆိုင်ရာများကို ဆည်းပူးလေ့လာကြရန်လိုအပ်ကြောင်း၊ ငွေကြေးခဝါချမှု ကာကွယ်တားဆီးရေးဆိုင်ရာ အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများအား တိကျစွာ လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

**ဆွေးနွေးမှာကြား**

ဆက်လက်၍ ဘဏ်များ ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူးနှင့် မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက ဘဏ်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

**တင်ပြ**

ထို့နောက် မြန်မာနိုင်ငံဘဏ်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြရန်ရှိသည်များကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို နံနက် ၁၁နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**အမှာစကားပြောကြား**

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၉၃)ကြိမ်မြောက် အစည်းအဝေးတွင် ဘဏ်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# သက်ရှည်ကျန်းမာ ပြည်ရွာအကျိုး သယ်ပိုးဆောင်ရွက် တွဲလက်ညီညီ

( ကြည်ဝင်းညွန့် )

ကျန်းမာရေးသည် ပြည်သူတစ်ရပ်လုံးအတွက် အလိုလားအပ်ဆုံးသော လာဘ်တစ်ပါးဖြစ်သည်။ လူတိုင်းလူတိုင်း ကျန်းမာခြင်းလာဘ်နှင့် ပြည့်စုံနေရန် လိုအပ်ပါသည်။

မြန်မာမှုနယ်ပယ်၌ မိဘ၊ ဆရာသမားများအား ဂါရဝပြု ကန်တော့ကြသည့်အခါတွင် လူကြီးမိဘများက **အသက်ရှည်ခြင်း၊ အနာရောဂါကင်းခြင်းနှင့် ပြည့်စုံကြပါစေ** ဟူ၍ မေတ္တာစိတ်ထား၍ ဆုပေးလေ့ရှိကြသည်။ မှန်ပါသည်။ လူ့ဘဝတွင် အသက်ရှည် ရပ်တည်နိုင်ရန် လူတိုင်းအလိုရှိကြပါသည်။ အသက်ရှည်ရုံမျှမက ရောဂါဘယ ကင်းဝေးပြီး ကျန်းမာကြံ့ခိုင်သော လူသားများဖြစ်ရန် ပို၍လိုအပ်ပါသည်။ သို့မှသာ အသက်ရှည်ကျန်းမာကြံ့ခိုင်သော လူတစ်ဦးအနေဖြင့် နိုင်ငံတော် အကျိုး၊ ပြည်သူ့အကျိုး၊ မိမိအကျိုးကို အောင်မြင်စွာ သယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**မြို့နယ်၌ ဖွင့်လှစ်သည့် သပြေကုန်း တိုက်နယ်ဆေးရုံ၊ ဧပြီလ ၆ ရက်နေ့တွင် တနင်္သာရီတိုင်း ရေးမြို့၌ဖွင့်လှစ်သည့် မြို့နယ်ပြည်သူ့ဆေးရုံတိုးချဲ့လူနာဆောင်၊ ခွဲစိတ်နှင့်သားဖွားနှစ်ထပ်ဆောင်သစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွင့်လှစ်သည့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၊ ဇူလိုင်လ ၂၄ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့၌ ဖွင့်လှစ်သည့် အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံ သုံးထပ်ဆောင်သစ်တို့ပါဝင်သည်။ ယင်းတို့သည် ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် နိုင်ငံတော်က ထားရှိသောစေတနာကို ထင်ရှားပေါ်လွင်စွာ ဖော်ညွှန်းပြသလျက်ရှိပါသည်။**

ယင်းသို့ **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တစ်နိုင်ငံလုံး လွှမ်းခြုံဖော်ဆောင်ပေးနိုင်ရန် ဆေးရုံ၊ ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာနများကို**

၈၆ ခုနှင့် ကျောင်းကျန်းမာရေးအဖွဲ့ ၈၀ တို့ကိုလည်း ဖွင့်လှစ်ပေးထားသည်။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆရာဝန်ပေါင်း သုံးသောင်းကျော်၊ သွားဆရာဝန် ခြောက်ထောင်ကျော်၊ သူနာပြု တစ်သောင်းကျော်၊ ကျန်းမာရေးမှူး တစ်ထောင်ကျော်နှင့် သားဖွားဆရာမ ရှစ်ထောင်ကျော်တို့ကိုလည်း ခန့်ထားပေးပြီးဖြစ်ရာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဒေသအလိုက်၊ ဌာနအလိုက် တာဝန်ယူဆောင်ရွက်နေကြပြီဖြစ်သည်။

**ရန်ကုန်တိုင်း လှည်းကူးမြို့နယ်၌ တည်ဆောက်ဖွင့်လှစ်ထားသည့် အသည်းရောင် အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံကို တွေ့ရစဉ်။** (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက အမျိုးသားကျန်းမာရေးမူဝါဒများကိုအခြေခံ၍ ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရာတွင် **လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေး** ရည်မှန်းချက်နှစ်ရပ်နှင့်အညီ ချမှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။

**မျက်မှောက်အချိန်အခါတွင် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်နေသည်။ နိုင်ငံတော်သစ် အသွင်ကူးပြောင်းရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံကောင်းများစွာကို ကဏ္ဍအလိုက် တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည်။**

**ပြည်ထောင်စုတစ်ဝန်း၌ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးမဏ္ဍိုင် ကြံ့ခိုင်စေရေးအတွက် နေရာဒေသမရွေး ကျန်းမာရေးဆိုင်ရာအခြေခံအဆောက်အအုံ များစွာကို တိုးချဲ့တည်ဆောက်ပေးနေသည်။ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်။**

**ပြည်သူလူထုအား ရောဂါကြိုတင်ကာကွယ်ရေးအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်ပေးမှု၊ မိခင်နှင့်ကလေး ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေးအတွက် ပညာပေးမှုစသည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို နယ်စပ်အစွန်အဖျားဒေသမကျန် နိုင်ငံတစ်ဝန်း၌ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနေသည်ကို တွေ့မြင်နေရသည်။**

**နိုင်ငံတော်က ၂၀၀၇ ခုနှစ်အတွင်း ပြည်သူ့ကျန်းမာရေးဆိုင်ရာအခြေခံအဆောက်အအုံများစွာကို တိုးချဲ့တည်ဆောက် ဖြည့်ဆည်းပေးခဲ့သည်။ ယင်းတို့တွင် ဖေဖော်ဝါရီလ ၁၀ရက်နေ့က ဖွင့်လှစ်သည့် ရန်ကုန်တိုင်း အဖျောက်မြို့ တိုက်နယ်ပြည်သူ့ဆေးရုံ ဓာတ်မှန်ဆောင်၊ မတ်လ ၁၃ရက်နေ့ကဖွင့်လှစ်သည့် မန္တလေးတိုင်း မိုးကုတ်မြို့မှ ခုတင် ၁၀၀ ဆံ့ဆေးရုံ၊ မတ်လ ၁၇ ရက်နေ့က ဧရာဝတီတိုင်း ငွေဆောင်မြို့၌ ဖွင့်လှစ်သည့် ပြည်သူ့ဆေးရုံ၊ မတ်လ ၃၀ ရက်နေ့တွင် ပဲခူးတိုင်း ပဲခူး**

**ဖွင့်လှစ်ပေးလျက်ရှိရာ ၁၉၈၈ ခုနှစ်က ဆေးရုံ၆၃၁ ရုံသာရှိခဲ့ရာမှ ယခုအခါ ၈၃၄ ရုံအထိ တိုးမြှင့်ဖွင့်လှစ်ပေးထားနိုင်ပြီ ဖြစ်သည်။**

**ထို့အပြင် ယခင်က အထူးကုဆေးရုံကြီး ၆၇ ရုံသာရှိခဲ့ရာမှ ယခုအခါ ၉၄ ရုံအထိ ရှိလာသည့်အပြင် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု၌လည်း အနည်းဆုံး ခုတင် ၂၀၀ ဆံ့ ဆေးရုံတစ်ရုံစီ ဖွင့်လှစ်ပေးထားရာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်လျက်ရှိသည်။**

တိုက်နယ်ဆေးရုံပေါင်း ၄၆၀၊ ကျေးလက်ကျန်းမာရေးဌာန ၁၄၅၆ ခု၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန ၃၄၈ ခု၊ ဒေသန္တရကျန်းမာရေးဌာန

ယင်းသို့ ဆေးဘက်ဆိုင်ရာပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရေးအတွက် ဆေးနှင့် ကျန်းမာရေးဆိုင်ရာတက္ကသိုလ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာ **၁၉၈၈ ခုနှစ်က ဆေးတက္ကသိုလ် သုံးခုနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုသာရှိခဲ့ရာမှ ယခုအခါ ဆေးတက္ကသိုလ်လေးခု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် နှစ်ခုအထိ ရှိနေပြီဖြစ်သည်။ ထို့အပြင် သူနာပြုတက္ကသိုလ် နှစ်ခု၊ ဆေးဝါး ကျွမ်းကျင်မှုတက္ကသိုလ် နှစ်ခု၊ ဆေးဘက်ပညာသည်တက္ကသိုလ် နှစ်ခု၊ အခြေခံကျန်းမာရေးတက္ကသိုလ်တစ်ခု၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် တစ်ခုနှင့် သူနာပြုသင်တန်းကျောင်း ၂၃ ကျောင်းတို့ကိုလည်း အသစ်တိုးချဲ့ ဖွင့်လှစ်ပေး**

**နိုင်ငံတော်က နိုင်ငံသူ၊ နိုင်ငံသားတိုင်း သက်တမ်းစေ့ အသက်ရှည်စေရေးအတွက် ရောဂါကာကွယ်ရေးနှင့်ကုသရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများ၏ မျှော်မှန်းနိုင်သော သက်တမ်း (Life Expectancy) သိသိသာသာ မြင့်မြင့်မားမား တိုးတက်လာ။**





**ထားရာ ဆရာဝန်နှင့် ဆေးဘက်ဆိုင်ရာ ပညာ**
**ဖြည့်ဆည်းပေးနေမှုအဖြစ် တွေ့မြင်နိုင်ပေသည်**

ပြည်သူများအား ရောဂါကုသပေးရာတွ
ရေးဆိုင်ရာ အခြေခံအဆောက်အအုံများသာမက
ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထ
လာသည့် ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းမျ
ဖြစ်ပေသည်။

ပြည်သူများအား ကျန်းမာရေးစောင့်ရှော
တိုင်းရင်းဆေးများ၏ အခန်းကဏ္ဍသည်လည်း ကျ
လာလျက်ရှိသည်။ မြန်မာ့တိုင်းရင်းဆေးပညာသ
မြန်မာတို့အားကိုးတန်ဖိုးထား အသုံးပြုခဲ့ကြသည့်
ဖြစ်သည်။

ကျေးလက်နေပြည်သူများ တိုင်းရင်းဆေး
ကတည်းက သုံးစွဲလာခဲ့ကြပြီး ယခုအခါ ကျေး
များတွင်ပါ တိုင်းရင်းဆေးကို အလေးထား

ထို့ကြောင့် နိုင်ငံတော်က မြန်မာ့တိုင်းရ
ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထွန်းကားပြန့်ပွားရေးအတွ
အစွမ်းထက်သော တိုင်းရင်းဆေးဝါးများထုတ်
ဥယျာဉ်များကို ထူထောင်ထားရှိသည်။ ပြည်သူမ
ကုသပေးနိုင်ရေးအတွက် တိုင်းရင်းဆေးရုံများ
တိုးချဲ့ ဖွင့်လှစ်ပေးလျက်ရှိရာ ၁၉၈၈ ခုနှစ်က
ရှိခဲ့ရာမှ ယခုအခါ ၁၄ ရုံအထိ ရှိလာသည်။ တို
လည်း ၁၉၈၈ ခုနှစ်က ၈၉ ခုသာ ရှိခဲ့ရာမှ ယခု
ဖွင့်လှစ်ပေးထားသည်ကို တွေ့ရသည်။

နိုင်ငံတော်တွင် ပြည်သူ့ကျန်းမာရေးစော
ဆေးရုံသုံး စက်ပစ္စည်းကိရိယာများကိုလည်း တပ
အဆုတ်လုပ်ငန်း အစားထိုးစက်၊ နှလုံးအတွင်းသို့
အလွှာလိုက် ဓာတ်မှန်ရိုက်စက်၊ ဂါမာရောင်ခြ
အပိုင်းများပုံဖော်စက်၊ အဏုမြူရောင်ခြည်သုံး သွေ
ရောင်စုံတယ်လီဗီးရှင်း နှလုံးရောဂါစမ်းသပ်စ

ထို့အပြင် သွေးသွင်းဒြပ်တိုင်းစက်၊ ဒေ
တိုင်းစက်၊ ခွဲစိတ်ခန်းသုံး အဏုကြည့်မှန်ပြ
လည်ချောင်း)၊ ခွဲစိတ်ခန်းသုံးအဏုကြည့်မှန်ပြ
ရေးစက်နှင့် ကင်မရာပါသော ဝမ်းခေါင်းအတွ

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါး**
**တိုင်းရင်းဆေးရုံကြီးကို ဤသို့တွေ့ရသ**
(ဓာတ်ပုံမှတ်တ



**ထားရာ ဆရာဝန်နှင့် ဆေးဘက်ဆိုင်ရာ ပညာရှင်များ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေမှုအဖြစ် တွေ့မြင်နိုင်ပေသည်။**

ပြည်သူများအား ရောဂါကုသပေးရာတွင် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများသာမက အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများ တိုးတက်များပြားလာသည့် ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများကို တွေ့မြင်နိုင်မည်ဖြစ်ပေသည်။

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မြန်မာ့တိုင်းရင်းဆေးများ၏ အခန်းကဏ္ဍသည်လည်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းလာလျက်ရှိသည်။ မြန်မာ့တိုင်းရင်းဆေးပညာသည် ခေတ်အဆက်ဆက်တွင် မြန်မာတို့အားကိုးတန်ဖိုးထား အသုံးပြုခဲ့ကြသည့် တော်ဝင်ဆေးပညာတစ်ရပ်ဖြစ်သည်။

ကျေးလက်နေပြည်သူများ တိုင်းရင်းဆေးများကို ဘိုးစဉ်ဘောင်ဆက်ကတည်းက သုံးစွဲလာခဲ့ကြပြီး ယခုအခါ ကျေးလက်ဒေသသာမက မြို့ပြများတွင်ပါ တိုင်းရင်းဆေးကို အလေးထား သုံးစွဲလာကြပြီဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က မြန်မာ့တိုင်းရင်းဆေးပညာ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် ထွန်းကားပြန့်ပွားရေးအတွက် ပံ့ပိုးအားပေးနေသည်။ အစွမ်းထက်သော တိုင်းရင်းဆေးဝါးများထုတ်လုပ်ရေးအတွက် ပရဆေးဥယျာဉ်များကို ထူထောင်ထားရှိသည်။ ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကုသပေးနိုင်ရေးအတွက် တိုင်းရင်းဆေးရုံများ၊ ဆေးကုသဌာနများကို တိုးချဲ့ ဖွင့်လှစ်ပေးလျက်ရှိရာ ၁၉၈၈ ခုနှစ်က တိုင်းရင်းဆေးရုံနှစ်ရုံသာ ရှိခဲ့ရာမှ ယခုအခါ ၁၄ ရုံအထိ ရှိလာသည်။ တိုင်းရင်းဆေးကုဌာနသည်လည်း ၁၉၈၈ ခုနှစ်က ၈၉ ခုသာ ရှိခဲ့ရာမှ ယခုအခါ ၂၄၃ ခုအထိ တိုးချဲ့ဖွင့်လှစ်ပေးထားသည်ကို တွေ့ရသည်။

နိုင်ငံတော်တွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအတွက် ခေတ်မီဆေးရုံသုံး စက်ပစ္စည်းကိရိယာများကိုလည်း တပ်ဆင်ပေးထားရာ နှလုံးနှင့် အဆုတ်လုပ်ငန်း အစားထိုးစက်၊ နှလုံးအတွင်းသို့ ပြွန်သွင်းရောဂါကုသစနစ်၊ အလွှာလိုက် ဓာတ်မှန်ရိုက်စက်၊ ဂါမာရောင်ခြည်သုံး ခန္ဓာကိုယ် အစိတ်အပိုင်းများပုံဖော်စက်၊ အဏုမြူရောင်ခြည်သုံး သွေးလည်ပတ်မှုတိုင်းတာစက်၊ ရောင်စုံတယ်လီဗီးရှင်း နှလုံးရောဂါစမ်းသပ်စက်များ ပါဝင်သည်။

ထို့အပြင် သွေးသွင်းဒြပ်တိုင်းစက်၊ သွေးတွင်းရှိ ဓာတုပစ္စည်းတိုင်းစက်၊ ခွဲစိတ်ခန်းသုံး အဏုကြည့်မှန်ပြောင်း (နား၊ နှာခေါင်း၊ လည်ချောင်း)၊ ခွဲစိတ်ခန်းသုံးအဏုကြည့်မှန်ပြောင်း (မျက်စိ)၊ တိုင်းတာရေးစက်နှင့် ကင်မရာပါသော ဝမ်းခေါင်းအတွင်းကြည့် ခွဲစိတ်ကိရိယာ၊

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ တိုင်းရင်းဆေးရုံကြီးကို ဤသို့တွေ့ရသည်။**

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

**ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်ရှိ တိုင်းရင်းသားပြည်သူတို့ အားထားရာ ခုတင် ၂၀၀ ဆံ့ အထူးကုဆေးရုံကို ဤသို့ တွေ့ရသည်။**

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



**ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးရှိ သားဖွားမီးယပ်ဆောင်ကို ဤသို့ တွေ့ရသည်။**

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

အစာအိမ်နှင့် အူလမ်းကြောင်း ဗီဒီယိုဖြင့် ရောဂါရှာဖွေရေး မှန်ပြောင်း၊ မျက်စိအတွင်းတိမ် ခေတ်မီခွဲစိတ်ကိရိယာ၊ နှလုံးနှိုးကိရိယာနှင့် နှလုံးခုန်တိုင်းတာရေးစက်၊ အသက်ရှူစက်ပါ မေ့ဆေးပေးစက် စသည့် ခေတ်မီပစ္စည်းများကိုလည်း အသုံးပြုလျက်ရှိရာ ရောဂါရှာဖွေရေးနှင့်ကုသရေးတွင် ပိုမိုတိုးတက်ခေတ်မီလျက် ရှိသည်။

နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ စီမံဖြည့်ဆည်းပေးနေမှုကြောင့် အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်မှ ဖယ်ရှားနိုင်ခဲ့သည်။ ကြက်ငှက်တုပ်ကွေးရောဂါ မကျရောက်စေရန် ကြိုတင် ကာကွယ်နှိမ်နင်းလျက်ရှိသည်။ အိုင်အိုဒင်းချို့တဲ့မှု ကင်းစင်ကြောင်း ကြေညာနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

ထိုမျှမက **အဓိကရောဂါကြီးသုံးမျိုးဖြစ်သည့် အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အရှိန်အဟုန်မြှင့်** ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးပပျောက်ရေး၊ သုံးစွဲသူများ ပပျောက်ရေး၊ ဆေးစွဲသူများ ကုသရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

**နိုင်ငံတော်က နိုင်ငံသူ၊ နိုင်ငံသားတိုင်း သက်တမ်းစေ့ အသက်ရှည်စေရေးအတွက် ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများ၏ မျှော်မှန်းနိုင်သော သက်တမ်း (Life Expectancy) သိသိသာသာ မြင့်မြင့်မားမား တိုးတက်လာလျက် ရှိသည်။**

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ကျန်းမာကြံ့ခိုင်သော နိုင်ငံသားတိုင်းက ကျရာကဏ္ဍမှ စွမ်းအားပြည့် ပါဝင်ဆောင်ရွက်ကြရန်လိုအပ်ပါသည်။ နိုင်ငံသူ၊ နိုင်ငံသားတိုင်း၏ ကျန်းမာရေးအတွက် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ဖြည့်ဆည်းပေးမှုနှင့်အတူ ရောဂါကာကွယ်ရေး၊ ဆေးဝါးကုသရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး အသက်ရှည် ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးစီးပွားကို လက်တွဲညီညီ ထာဝရသယ်ပိုး ဆောင်ရွက်သွားနိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**၁၉၈၈ ခုနှစ်က ဆေးတက္ကသိုလ် သုံးခုနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုသာ ရှိခဲ့ရာမှ ယခုအခါ ဆေးတက္ကသိုလ် လေးခု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် နှစ်ခုအထိ ရှိနေပြီ။ ထို့အပြင် သူနာပြုတက္ကသိုလ် နှစ်ခု၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ် နှစ်ခု၊ ဆေးဘက်ပညာသည်တက္ကသိုလ် နှစ်ခု၊ အခြေခံကျန်းမာရေးတက္ကသိုလ် တစ်ခု၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် တစ်ခုနှင့် သူနာပြုသင်တန်းကျောင်း ၂၃ ကျောင်းတို့ကိုလည်း အသစ်တိုးချဲ့ဖွင့်လှစ်ပေးထားရာ ဆရာဝန်နှင့် ဆေးဘက်ဆိုင်ရာပညာရှင်များ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေ။**





တရုတ်နိုင်ငံ ၂၀၀၈ အိုလံပစ်အားကစားပွဲတော်ကျင်းပမည့် တီအန်ကျင်းမြို့ရှိ အားကစား အဆောက်အအုံကို စက်တင်ဘာ ၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ကလေးများအား လူမှောင်ခိုကူးမှု ဗြိတိန်ထိရောက်စွာ အကာအကွယ်မပေးဟုဆို

လန်ဒန် စက်တင်ဘာ ၂၃

**အစေခံ သို့မဟုတ် လိင်ကုန်ကူးမှုလုပ်ငန်းများတွင် ခိုင်းစေရန်အတွက် လူကုန်ကူးခံရသည့် ကလေးသူငယ်များအား ဗြိတိန်နိုင်ငံက အကာအကွယ်ပေးရန် ထိထိရောက်ရောက် မဆောင်ရွက်ဟု လူ့အခွင့်အရေး အဖွဲ့နှစ်ဖွဲ့၏ အစီရင်ခံစာတွင် စက်တင်ဘာ ၂၀ရက်က ဖော်ပြထားသည်။**

## ကြေညာ

အခြားနိုင်ငံများနှင့်ယှဉ်လျှင် ဗြိတိန်နိုင်ငံသည် လူကုန်ကူးသည့် ရာဇဝတ်မှုကို တိုက်ဖျက်ရာ၌ နှေးကွေးသည်ဟု ယူနီဆက်ဖ်နှင့် အေပက်အဖွဲ့တို့က ကြေညာသည်။

## ဖော်ထုတ်နိုင်

၁၈လကြာ ကာလအတွင်းတွင် လူကုန်ကူးခံရသည့် ကလေး ၃၃၀ကို ဖော်ထုတ်နိုင်ကြောင်း ယခုနှစ်ဆန်းပိုင်းတွင် အစိုးရက ကြေညာခဲ့သည်။

## ဝေဖန်ပြောကြား

ကလေးသူငယ် လူကုန်ကူးသည့် လုပ်ငန်းသည် လျှို့ဝှက်လုပ်ဆောင်သည့် ရာဇဝတ်မှုတစ်ခု ဖြစ်သည့်အတွက် အစိုးရက ကြေညာထားသည့် ကလေးအရေအတွက်ထက် များနိုင်ကြောင်း အေပက်အဖွဲ့၏ ယူကေ ညွှန်ကြားရေးမှူး ခရစ္စတင်းဘက်ဒိုးက ဝေဖန်ပြောကြားသည်။

**အမ်အင်န်အေ၊ရိုက်တာ**

# မြို့ပြလေကြောင်းသုံး ရဟတ်ယာဉ်များ ထုတ်လုပ်ရေး တရုတ်လေကြောင်းက ဒေါ်လာ ၃၈၄ သန်း ရင်းနှီးမြှုပ်နှံမည်

ပေကျင်း စက်တင်ဘာ ၂၃

**တရုတ်နိုင်ငံ မြို့ပြလေကြောင်း လုပ်ငန်းများတွင် အသုံးပြုရန် ရဟတ်ယာဉ်များ ထုတ်လုပ်ရေးအတွက် အမေရိကန်ဒေါ်လာ ၃၈၄ သန်းခန့် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း တရုတ်မြို့ပြ လေကြောင်းကော်ပိုရေးရှင်း-၂(အေဗွီအိုင်စီ-၂)က စက်တင်ဘာ ၁၉ ရက်၌ ပြောကြားလိုက်သည်။**

## ရည်မှန်းချက်ထား

ရဟတ်ယာဉ်များထုတ်လုပ်သည့် တရုတ်နိုင်ငံပိုင် အေဗွီအိုင်စီ-၂ လုပ်ငန်းသည် လာမည့် ၁၂ နှစ်၌ ကမ္ဘာ့ရဟတ်ယာဉ်ထုတ်လုပ်မှုတွင် ဦးဆောင်နိုင်ရန် ရည်မှန်းချက်ထားလျက်ရှိသည့် လုပ်ငန်းဖြစ်သည်။

## ပြောကြား

ကမ္ဘာတစ်ဝန်းတောင်းဆိုမှုများကို ဖြေရှင်းရောင်းချသွားရန်နှင့် သုတေသနပြုမှု၊ ဈေးကွက်ရရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန်လည်း ရည်မှန်းချက်ထားရှိကြောင်း အေဗွီအိုင်စီ-၂ အထွေထွေမန်နေဂျာ ဇန်ဟွန်ဘီရာအိုက ပြောကြားသည်။

လောလောဆယ်တွင် ယူရိုကော်ပတာအုပ်စု၊ အော်ဂတ်စတာဝက်စ်လန်လုပ်ငန်းနှင့် ဟူးလက်ပတ်ကတ် ကနေဒါ လုပ်ငန်းတို့နှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**




# ဘရာဇီး၌ ရေနံသိုက်တစ်ခု ထပ်မံတွေ့ရှိ

ရီယိုဒီဂျနေရိုး စက်တင်ဘာ ၂၃

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးပြည်နယ်ကမ်းလွန်တွင် ရေနံသိုက်တစ်ခုထပ်မံရှာဖွေတွေ့ရှိခဲ့ကြောင်း ဘရာဇီးနိုင်ငံပိုင် ပက်ထရိုဘရက် ကုမ္ပဏီက စက်တင်ဘာ ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။

## ထုတ်လုပ်နိုင်မည်

အဆိုပါရေနံသိုက်မှာ ပင်လယ်ကြမ်းပြင်အောက် ၂၁၆၆ မီတာအနက်တွင် တည်ရှိပြီး တစ်နေ့လျှင်ရေနံစည်ပေါင်း ၂၀၀၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည့် ရေနံသိုက်အငယ်စားတစ်ခုဖြစ်သည်။ ဘရာဇီးနိုင်ငံတွင် ရေနံရှာဖွေမှုများဆောင်ရွက်ရာ၌ ၂၀၀၆ ခုနှစ် ဇူလိုင်လက တူပီမြို့အနီးတွင် အငယ်စားရေနံသိုက်တစ်ခုနှင့် ရီယိုမြို့တောင်ဘက်၌ ရေနံသိုက်တစ်ခုကို တွေ့ရှိခဲ့ကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ရိုမေးနီးယားလက်နက်စက်ရုံတွင် ပေါက်ကွဲမှု လေးဦးဒဏ်ရာရ

ဘူခါရက် စက်တင်ဘာ ၂၃

ရိုမေးနီးယားနိုင်ငံတောင်ပိုင်း ဒမ်ဘိုဗီတာစီရင်စုရှိ မီဂျာလက်နက်ထုတ်လုပ်ရေးစက်ရုံတွင် စက်တင်ဘာ ၂၀ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လေးဦးဒဏ်ရာရခဲ့ကြောင်း ဒေသဆိုင်ရာ ရီရယ်လီတာတီး ရုပ်မြင်သံကြားဌာနမှ သတင်းထုတ်ပြန်သည်။

## မီးလောင်ခဲ့

ယင်းစက်ရုံတွင် ဝန်ထမ်းများက ယမ်းမှုန့်ပါဝင်သော ပေါက်ကွဲစေသည့် ပစ္စည်းတစ်ခုကို စနက်တံဖြုတ်ရန် ကြိုးပမ်းရာမှ အဆိုပါပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ ၎င်းပစ္စည်းသည် မပေါက်ကွဲမီ မီးလောင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

## ဒဏ်ရာအနည်းငယ်ရ

အမျိုးသမီးသုံးဦးနှင့် အမျိုးသားတစ်ဦးတို့ကို ဘူခါရက်ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။ ၎င်းတို့အနက် သုံးဦးမှာ နာကျင်မှုကိုခံစားရပြီး အသားများလောင်သွားခဲ့ကြောင်း၊ တစ်ဦးမှာမူ ဒဏ်ရာအနည်းငယ်သာရရှိခဲ့ကြောင်း ယင်းသတင်း၌ ဆက်လက်ဖော်ပြသည်။

ယင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ စစ်လက်နက်ကိရိယာထုတ်ပေးနေသော ရိုမေးနီးယားနိုင်ငံမှ ရွှန်အမ်းကုမ္ပဏီကို အရေးပေါ်စစ်ဆေးရေးအဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တီဗွီဂိမ်းစင်တာတစ်ခု၌ ဆော့ကစားနေသူများအား စက်တင်ဘာ ၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ဘဂ္ဂဒက်မြို့လယ် ကားဗုံးဖောက်ခွဲ ခုနစ်ဦးသေဆုံး၊ ၂၀ဒဏ်ရာရ

ဘဂ္ဂဒက် စက်တင်ဘာ ၂၃

ဘဂ္ဂဒက်မြို့လယ်ရှိ ကျန်းမာရေး ဝန်ကြီးဌာနအနီး၌ စက်တင်ဘာ ၁၈ရက်က ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုနှစ်ရပ် ဖြစ်ပွားသဖြင့် ခုနစ်ဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိသွားကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

## ဒဏ်ရာရရှိ

ကျန်းမာရေးဝန်ကြီးဌာန အနီး ကားများရပ်ထားသည့် နေရာတွင် ကားဗုံးနှစ်လုံး ရှေ့ဆင့်နောက်ဆင့် ပေါက်ကွဲကြောင်း၊ ခုနစ်ဦးသေဆုံးပြီး ၂၀ ဒဏ်ရာရသွားသည်ဟု နောက်ဆုံး သတင်းအရ သိရကြောင်း အဆိုပါ သတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ယာဉ်မတော်တဆမှုကြောင့် တန်ဇန်းနီးယား၌ ကိုးဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

ဒိုဒိုမာ စက်တင်ဘာ ၂၃

တန်ဇန်းနီးယားနိုင်ငံ တောင်ပိုင်းတွင် ထရပ်ကားတစ်စီးလမ်းချော်မှု ဖြစ်ပွားသဖြင့် အသက် ၂နှစ်မှ ၁၃နှစ် အကြားရှိ ကလေးကိုးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိသွားခဲ့သည်။

ယင်းဖြစ်ပွားမှုမှာ စက်တင်ဘာ ၁၉ရက်က မာဘီရာဒေသ မာတိုကီလာကျေးရွာတွင် အရှိန်ပြင်းစွာမောင်းနှင်လာသော ထရပ်ကားနှင့်အခြားကား တစ်စီးမှာ မျက်နှာချင်းဆိုင် တိုက်မိခဲ့ကြောင်း၊ ယင်းသို့ဖြစ်ပွားမှုကို ရှောင်ရှားရန် ကြိုးပမ်းရာမှ ထရပ်ကားသည် လမ်းချော်ကာ ကလေးများ ဆော့ကစားရာသို့ ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ယခုလအတွင်း မီဘီရာဒေသတွင် ယာဉ်မတော်တဆမှုကြောင့် ၃၆ဦး သေဆုံးခဲ့ကြောင်း၊ ယာဉ်မတော်တဆမှုများမှာ အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ မဆင်မခြင်မောင်းနှင်ခြင်းနှင့် အရက်သောက်သုံး၍ မောင်းနှင်ခြင်းများကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ရိုးရာယဉ်ကျေးမှုပွဲတော်ကျင်းပ

**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ရိုးရာယဉ်ကျေးမှုပွဲတော် ကျင်းပနေသည်ကို စက်တင်ဘာ ၂၀ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



## ကျောဖုံးမှ

မြန်မာ့မီးရထားအနေဖြင့် အိန္ဒိယသမ္မတနိုင်ငံနှင့် စာချုပ် ချုပ်ဆို၍ YDM-4 ရထားစက်ခေါင်း ၂၀ ဝယ်ယူခဲ့ခြင်းမှ ပထမအကြိမ်အဖြစ် ရထားစက်ခေါင်း ငါးခေါင်းရောက်ရှိလာခြင်းဖြစ်သည်။ အဆိုပါ စက်ခေါင်း ငါးခေါင်းမှာ အိန္ဒိယသမ္မတနိုင်ငံ ချင်နိုင်း(CHENNAI) ဆိပ်ကမ်းမှ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် မကွေးသင်္ဘောဖြင့် ရန်ကုန်မြို့ အမှတ်(၅) ဆူးလေဆိပ်ကမ်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ယခုရောက်ရှိလာသော စက်ခေါင်းများအား ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ခရီးသည်နှင့်ကုန်စည်များ လွယ်ကူချောမွေ့မြန်ဆန်ရေးအတွက် တိုးချဲ့အသုံးပြုပြေးဆွဲသွားမည် ဖြစ်သည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် စက်ဆန်းကုန်ရုံသို့ သွားရောက်ပြီး ကုန်တင်/ကုန်ချဝင်း တိုးချဲ့တည်ဆောက်နေမှု၊ ကုန်ရုံအဝင်လမ်း၊ ကားပတ်လမ်း အာရ်စီကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ကုန်ရုံတွင်း ကားများ လွယ်ကူစွာဝင်ရောက်နိုင်ရေး၊ စနစ်တကျမြန်ဆန်စွာ ကုန်တင်/ကုန်ချ ပြုလုပ်နိုင်ရေးတို့အတွက် လုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် နေ့ညမပြတ် ဆောင်ရွက်ရေး မှာကြားသည်။

ရထားဖြင့် ကုန်ပစ္စည်း သယ်ယူပို့ဆောင်မှု လွယ်ကူလျင်မြန်စေရေးအတွက် ကုန်ရထားများကို မလွကုန်း-မြို့ဟောင်း-ကုန်ချဝင်းများသို့ အသွားအပြန် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စာမျက်နှာ ၃ မှ

ငွေကျပ်သုံးသိန်း၊ ဦးဇော်ဝင်းနိုင်(ကမ္ဘောဇဘဏ်လီမိတက်)က ငွေကျပ် ၁၂သိန်းစီ၊ ရန်ကုန်တိုင်း အခွန်ဦးစီးဌာန၊ ဒေါက်တာအောင်ကျော်ဦး-ဒေါက်တာသက်သက်ခိုင်(ရွှေနန်းတော်)၊ သမဝါယမဘဏ်နှင့် မြန်မာအရှေ့တိုင်းဘဏ်တို့က ငွေကျပ် ၁၀ သိန်းစီ၊ ILBC ကျောင်းသား ကျောင်းသူများက ငွေကျပ် ရှစ်သိန်း၊ ရိုးမဘဏ်က ငွေကျပ်ငါးသိန်း၊ ဦးမျိုးပိုင် (အာရှရန်ကုန်ဘဏ်)၊ Beauty Place၊ ဦးမျိုးမြင့် (M3 Restaurant)၊ ဦးမြတ်သင်းအောင်-ဒေါ်ခင်မြင့်မြင့်(အောင်အောင်အင်တာပရိုက်)၊ Golden Flower Co., Ltd. နှင့် ဦးသိန်းထွန်း(ထွန်းဖောင်ဒေးရှင်း)တို့က ငွေကျပ် သုံးသိန်းစီ၊ ဒေါက်တာခင်မောင်ဝင်း-ဒေါက်တာဝေဝေ(Diamond Land)၊ ဒေါ်တင်လတ်မင်း၊ ဦးစိုးခိုင်(တက်လမ်းဆောက်လုပ်ရေး)၊ ဦးဇော်ဝင်း၊ ဦးဇော်ဝင်း(Super Coffemix)နှင့် ဒေါက်တာဇော်ထွန်း-ဒေါက်တာငွေငွေကြည် (SSC)တို့က ငွေကျပ် နှစ်သိန်းစီ၊ အကယ်ဒမီ ထက်ထက်မိုးဦး၊ ခန့်စည်သူ၊ ရဝေအောင်၊ ဒေါ်သန်းသန်းအေး(ရွှေကောင်းဟော့ပေါ့)၊ ဦးထက်ညီ၊ ဦးစံထွန်းအောင်၊ ဒေါ်အေးအေးညွန့် (KSS ဒံပေါက်)၊ ဒေါ်သက်သက်နိုင်(ပုလဲကွန်ဒိုမီနီယံ)၊ She Shine Gems၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါက်တာမြစန္ဒာခိုင်နှင့် ဒေါ်အေးအေးကြည်တို့က ငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းကိုယ်စား လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံရရှိသော ဂုဏ်ပြုဆုငွေများကို အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းခေါင်းဆောင် စန်းစန်းမော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

### ချန်ပီယံဆုဖလားပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံတံခွန်စိုက် ချန်ပီယံဆုဖလားကြီးကို ပေးအပ်သည်။

ဆက်လက်၍ ပြိုင်ပွဲယှဉ်ပြိုင်မှုမှတ်တမ်း ဗီဒီယိုကို ပြသသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ဘောလုံးသမားများနှင့်အတူ ဂုဏ်ပြုညစာ သုံးဆောင်ကြသည်။

တတိယအကြိမ် အာဆီယံ တံခွန်စိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်စွဲခဲ့သော အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းအတွက် အလှူရှင်များ၏ ဂုဏ်ပြုဆုငွေ စုစုပေါင်းမှာ ငွေကျပ် ၁၃၁၆ သိန်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

### ကြယ်တံခွန်အသစ်တစ်လုံး တွေ့ရှိ

**တရုတ် အာကာသ သုတေသီ ဒေါက်တာကျောက်ဟောဘင်ဆိုသူက အာကာသတွင် ကြယ်တံခွန်အသစ်တစ်လုံးကို ရှာဖွေ တွေ့ရှိကြောင်း စက်တင်ဘာ ၂၃ ရက်က တရုတ်မီဒီယာများက ဖော်ပြသည်။**



**တရုတ်နိုင်ငံအရှေ့ပိုင်း နန်ကျင်းမြို့အနီးသိပ္ပံနှင့် အာကာသသုတေသန စခန်းမှ အာကာသအဏုကြည့်မှန်ပြောင်းကို အသုံးပြုလေ့လာခဲ့ရာမှ နေကြိုဟ်အနီး၌ နေကို ၇ ဒသမ ၄၆ နှစ်တွင် တစ်ကြိမ် လှည့်ပတ် နေ သည့် ကြယ်တံခွန် အသစ်တစ်လုံးကို ရှာဖွေ တွေ့ရှိခဲ့ကြောင်း သိရသည်။**

## ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်





- တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟန်ဂန်တောင်တန်းဒေသတွင် စက်တင်ဘာ ၂၃ ရက်က တောမီးလောင်မှုကြောင့် အနီးဝန်းကျင်၌ နေထိုင်ကြသော ဒေသခံပြည်သူ ၅၀၀၀ ခန့်တို့အား အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ မီးများ ဆက်လက်လောင်ကျွမ်းလျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အပေါ်ပုံ)**
- **ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ် မွှမ်အရပ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ စက်တင်ဘာ ၂၂ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကိုးဦး ဒဏ်ရာရရှိသွားကြောင်း ထိုင်းမီဒီယာများက ဖော်ပြသည်။**
- နီပေါနိုင်ငံ ခတ္တမန္ဒူမြို့အရှေ့ဘက် ကီလိုမီတာ ၂၄၀ ခန့်အကွာရှိ ချူလာချူလီမြို့အနီးဝန်းကျင်ဒေသ၌ မြေမြုပ်မိုင်းအလုံး ၅၀၀ကို ရှင်းလင်းဖယ်ရှားနိုင်ခဲ့ကြောင်း နီပေါမီဒီယာများက စက်တင်ဘာ ၂၂ ရက်၌ ဖော်ပြသည်။
- **ဂါနာနိုင်ငံ ကူမာစီမြို့၌ စက်တင်ဘာ ၂၂ ရက်က ဓာတ်ငွေ့ရည်များ တင်ဆောင်လာသော ထရပ်ကားတစ်စီး ပေါက်ကွဲမီးလောင်မှုဖြစ်ပွားရာ ၂၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဂါနာသတင်းဌာနက သတင်းထုတ်ပြန်သည်။**
- တရုတ်နိုင်ငံက ဒုံးပျံနှင့် ဂြိုဟ်တုများလွှတ်တင်မည့် အာကာသယာဉ် လွှတ်တင်ရေးစခန်းအသစ်တစ်ခုကို ထပ်မံတည်ဆောက်မည်ဖြစ်ကြောင်း၊ အဆိုပါစခန်းသစ်ကို တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်တောင်ပိုင်း ဝမ်ချန်အရပ်၌ တည်ဆောက်မည်ဖြစ်ကြောင်း တရုတ်မီဒီယာများက စက်တင်ဘာ ၂၂ ရက်၌ ဖော်ပြသည်။
- **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထိမ်းအမှတ်အဖြစ် မော်တော်ယာဉ်များသုံးစွဲမှုအစား စက်ဘီးများ စီးနင်းကြရေးအတွက် ပြည်သူ ၃၀၀၀၀ တို့ စုပေါင်းပြီး ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့၌ စက်တင်ဘာ ၂၂ ရက်က စက်ဘီးများ စီးနင်းခဲ့ကြကြောင်း ဟန်ဂေရီနိုင်ငံ မီဒီယာများက ဖော်ပြသည်။**
- နီပေါနိုင်ငံအနောက်ပိုင်း ကာလီကွတ်ခရိုင်တွင် ဝမ်းရောဂါကြောင့် သေဆုံးသည့်ဦးရေမှာ စက်တင်ဘာ ၂၃ ရက်အထိ သုံးရက်အတွင်း ၅၂ ဦး ရှိသွားပြီဖြစ်ကြောင်း နီပေါမီဒီယာများက ဖော်ပြသည်။
- **လွန်ခဲ့သည့် ၁၉၁၂ ခုနှစ် ဧပြီ ၁၅ရက်က ဗြိတိန်နိုင်ငံ ဆောက်သမ်ပတန်မြို့ဆိပ်ကမ်းမှ အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ခုတ်မောင်းလာစဉ် ပင်လယ်ပြင်၌ နစ်မြုပ်ခဲ့သော တိုင်တန်းနစ်သင်္ဘောပျက်မှ သော့တစ်ချောင်းကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ လေလံတင်ရောင်းချခဲ့ရာ ယူရိုငွေပေါင် ၉၀၀၀၀ ရရှိခဲ့ကြောင်း စက်တင်ဘာ ၂၂ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။** (အောက်ပုံ) (အင်တာနက်)



## မန်ယူတို့ ချယ်လ်ဆီးကိုနိုင်ပြီး ဒုတိယနေရာတက်ရောက် အိမ်ကွင်း၌ နယူးကာဆယ်က သုံးမှတ်ပြည့်ရယူ

**သတင်းမှတ်စု - မောင်ချစ်ကြည်**

လန်ဒန် စက်တင်ဘာ ၂၃

**ပရီမီယာလိဂ်ပွဲစဉ်(၇) လက်ကျန်ပွဲများကို စက်တင်ဘာ ၂၃ ရက်က ဆက်လက်ကစားရာ ပရီမီယာလိဂ် ထိပ်သီးနှစ်သင်းဖြစ်သော မန်ယူနှင့် ချယ်လ်ဆီးတို့ အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားရာ မန်ယူက ချယ်လ်ဆီးကို နှစ်ဂိုးပြတ်ဖြင့်အနိုင်ရပြီး နယူးကာဆယ်နှင့် ဝက်စ်ဟမ်းတို့ပွဲတွင် နယူးကာဆယ်က ဝက်စ်ဟမ်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**



**မန်ယူနှင့် ချယ်လ်ဆီးတို့ပွဲတွင် မန်ယူတိုက်စစ်မှူး တီဗက်ဇ်** (လယ်)**က ဤသို့ ခေါင်းတိုက်ဂိုးသွင်းယူခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

### မန်ယူနှင့် ချယ်လ်ဆီး

၄-၄-၂ အခင်းအကျင်းဖြင့် ပွဲထွက်လာသော မန်ယူသည်တိုက်စစ်တွင် ရွန်နေနှင့် တီဗက်ဇ်တို့ကို ထုတ်သုံးခဲ့သည်။ ကွင်းလယ်၌ မိုက်ကယ်ကာရစ်နှင့် ပေါလ်စခိုး၊ တောင်ပံများ၌ ရိုင်ယန်ဂစ်နှင့် စီရိုနယ်ဒိုတို့ကို အင်အားပြည့်ကစားခဲ့ရာ ပွဲချိန်အတော်များများကို မန်ယူတို့ ဖိကစားနိုင်ခဲ့သည်။

နည်းပြ မော်ရင်ဟို နုတ်ထွက်သွားသော ချယ်လ်ဆီးတိုက်စစ်တွင် ရှက်ဗ်ချင်ကိုတစ်ဦးတည်း အထောင်ထားကာ ကွင်းလယ်၌ အက်စီယံ၊ မက်ခ်လီလီ၊ ဂျိုကိုးလ်၊ မာလူဒါနှင့် ဂျွန်အိုဘီတို့ ငါးဦးအထိ ထားရှိကစားခဲ့ပြီး မန်ယူတိုက်စစ်ကို ဟန့်တားခဲ့သည်။ မန်ယူတို့ ပွဲချိန်အများအပြား ဖိကစားနေခဲ့ရာမှ ပွဲချိန် ၃၂မိနစ်၌ ဂျွန်အိုဘီ ကြမ်းတမ်းစွာကစားမှုကြောင့် အနီကတ် တိုက်ရိုက်ပြအထုတ်ခံရသဖြင့် ချယ်လ်ဆီးတို့ ၁၀ ဦးတည်းနှင့် ကစားခဲ့ရသည်။

မန်ယူတို့ ဂိုးသွင်းခွင့်အကြိမ်ကြိမ်ရရှိခဲ့ရာ ပထမပိုင်း ပွဲချိန်ပြီးခါနီးတွင် မန်ယူတိုက်စစ်မှူး တီဗက်ဇ်က ခေါင်းတိုက်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။ ချယ်လ်ဆီးတို့ ဒုတိယပိုင်းပွဲချိန် ၅၉ မိနစ်တွင် ရှက်ဗ်ချင်ကိုအစား ကာလူး၊ မာလူဒါအစား ရိုက်ဖီးလစ်၊ ဂျိုကိုးလ်အစား ပီဇာရိုတို့ကို အစားထိုးကစားခဲ့သော်လည်း ကစားကွက်ထူးခြားပြောင်းလဲမလာဘဲ ဂိုးသွင်းခွင့်အခွင့်အရေးလည်း သိပ်မရခဲ့ချေ။

မန်ယူတို့ ဒုတိယပိုင်းတွင်လည်း ဆက်တိုက်ဖိကစားနိုင်ခဲ့ရာ ၇၉မိနစ်တွင် တီဗက်ဇ်အစား ဆာဟာကို အစားထိုး ကစားစေခဲ့သည်။ မိနစ် ၉၀ တွင် မန်ယူတို့ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ ယင်းပြစ်ဒဏ်ဘောကို ဆာဟာ ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ ဒုတိယဂိုးရရှိခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ ချယ်လ်ဆီးတို့ ချေပဂိုး တစ်ဂိုးမျှ ပြန်မသွင်းနိုင်ဘဲ မန်ယူကို အိုးထရက်ဖို့ဒ်၌ နှစ်ဂိုးပြတ်နှင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ယခုပွဲ မန်ယူတို့အနိုင်ရရှိခဲ့သဖြင့် ပရီမီယာလိဂ် တန်းစီဇယား၌ ဒုတိယနေရာသို့ တက်ရောက်လာနိုင်ခဲ့သည်။ ချယ်လ်ဆီးက ဆဋ္ဌမအဆင့်သို့ ကျဆင်းသွားသည်။

### နယူးကာဆယ်နှင့် ဝက်စ်ဟမ်း

မိုက်ကယ်အိုဝင်၊ အလန်စမစ်နှင့် ဗီဒူကာတို့ဖြင့် တိုက်စစ်အင်အားအပြည့်ထုတ်သုံးခဲ့သော နယူးကာဆယ်သည် ဝက်စ်ဟမ်းအသင်းကို အိမ်ကွင်း၌ တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲအစ နှစ်မိနစ်မှာပင် တိုက်စစ်မှူး ဗီဒူကာက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဝက်စ်ဟမ်းတို့ ချေပဂိုးရရှိရေး တိုက်စစ်မှူးများဖြစ်သည့် အက်ရှ်တန်နှင့် ကာလ်တန်ကိုးတို့က အကြိမ်ကြိမ်ထိုးဖောက်ကစားရာမှ ပထမပိုင်းပွဲချိန် ၃၂ မိနစ်တွင် ဝက်စ်ဟမ်းတိုက်စစ်မှူး အက်ရှ်တန်က ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ နယူးကာဆယ်အတွက် ဒုတိယဂိုးကို တိုက်စစ်မှူး ဗီဒူကာကပင် ၄၁ မိနစ်၌ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အဝေးကွင်းဖြစ်သော်လည်း ဝက်စ်ဟမ်းတို့က ဂိုးသွင်းခွင့် ၁၅ ကြိမ်ရရှိပြီး အပိုင်ကန်သွင်းခွင့် ရှစ်ကြိမ်ရရှိခဲ့သော်လည်း အဆုံးသတ်မပိုင်နိုင်မှုကြောင့် ဂိုးထပ်မံမရရှိခဲ့ခြင်းဖြစ်သည်။ နယူးကာဆယ်အတွက် တတိယဂိုးကို ကွင်းလယ်ကစားသမား ဇော့ဘီရာက ၇၆ မိနစ်၌ သွင်းယူပေးခဲ့သဖြင့် နယူးကာဆယ်တို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

### ပရီမီယာလိဂ်ပွဲစဉ်(၇) အခြားပွဲရလဒ်များ

| | | |
|---|---|---|
| **အက်စတွန်ဗီလာ** | **၂ - ၀** | **အဲဗာတန်** |
| **ဘလက်ဘန်း** | **၀ - ၁** | **ပို့စ်မောက်** |
| **ဘော်လ်တန်** | **၁ - ၁** | **စပါး** |

### စီးရီးအေပွဲစဉ်(၄)ရလဒ်များ

| | | |
|---|---|---|
| **လီဗော်နို** | **၂ - ၂** | **အင်တာမီလန်** |
| **ရိုးမား** | **၂ - ၂** | **ဂျူဗင်းတပ်စ်** |
| **အတ္တလန္တာ** | **၂ - ၁** | **လာဇီယို** |
| **ကာဂလီရာရီ** | **၀ - ၁** | **ပါလာမို** |
| **ကာတာနီးယား** | **၀ - ၁** | **ဖီအိုရင်းတီးနား** |
| **အမ်ပိုလီ** | **၀ - ၀** | **နာပိုလီ** |
| **တိုရီနို** | **၁ - ၁** | **ဆီနာ** |

(အင်တာနက်)




**ဟင်္သာတမြို့ ဗိုလ်မြတ်ထွန်းလမ်းရှိ စတုဘုမ္မိက မဟာသတိပဋ္ဌာန် ကျောင်းတိုက်အတွင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် သင်္ဃန်းကျွန်းမြို့နယ် မေခအိမ်ရာ မေခလမ်းသွယ်၃နေ ဗိုလ်ကြီးကြည်မြင့်(ငြိမ်း)- ဒေါ်စန်းလှိုင် (ဦးစီးအရာရှိ၊ ငြိမ်း၊ သမဝါယမဦးစီးဌာန)၊ သား ကိုစိန်လင်း (2/E Pil S'pore)၊ သမီး မမိုးအေးလှိုင်၊ မြေး မောင်ကောင်းခန့်ဇော် (Grade-IIအထက-၁၊ဒဂုံ)၊ မောင်နေမျိုးထွဋ် မိသားစုတို့က ဝိဟာရဒါန အလှူတော်ငွေကျပ် သုံးသိန်းကို ဦးစီးပဓာနနာယက ဘဒ္ဒန္တအရှင်ပညာဒီပ (ဟင်္သာတဆရာတော်)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃၇)ဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၂၃**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃၇)တွင် ရိုးမဘဏ်ကောလာဟလပျက်ပြယ်သွား ငွေသွင်းငွေထုတ်လုပ်ငန်းများ ပုံမှန်အခြေအနေပြန်ရောက်၊ လျှပ်စစ်ပြတ်တောက်မှုကြာမြင့်ချိန် လျှော့ချနိုင်ရန် မြေပေါ်ကေဘယ်လ်ကြိုးနှင့် နေအိမ်ဓာတ်ကြိုးများ ချိတ်ဆက်ဓာတ်အားသွယ်ယူမှုစနစ်စတင်တော့မည်၊ မြန်မာနိုင်ငံသားများဘဏ်မှ အစုရှယ်ယာများ အောက်တိုဘာလတွင် စတင်ရောင်းချပေးမည်၊ မသမာသောနည်းဖြင့် ရွှေခြစ်ယူသည့် အပေါင်ဆိုင်များ ထိရောက်စွာအရေးယူမည်၊ မြန်မာ့ပထမဆုံးအဘိဓာန်ကို Googleတွင် ကြည့်ရှုနိုင်၊ ဂျပန်ဂီတပညာရှင်များက မြန်မာဂီတ၊ ဂျပန်ဂီတနှင့် အနောက်တိုင်းဂီတ တို့ကို ပေါင်းစပ်ဖန်တီးလို၊ မြန်မာနိုင်ငံတွင် တိရစ္ဆာန်အရေခွံသုံး ဆေးတောင့်အခွံစက်ရုံတည်ဆောက်ရန် ကိုရီးယားက စိတ်ဝင်စားနေ၊ သက်တမ်းလွန်စားသောက်ကုန်များအိမ်တိုင်ရာရောက်လိုက်လံရောင်းချမှုများရှိနေစသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ 'အားနွဲ့သူပါရှင်---ကို အတိတ်မှာချန်ထားခဲ့ပြီ' မျက်မှောက်ရေးရာ ဘဝရှုခင်း ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

'စပယ်ရှယ်ဝမ်းတစ်ယောက် အိပ်မက်မှလန့်နိုးခြင်း' အားကစားဆောင်းပါးနှင့်အတူ ဗင်နီဇွဲလားနိုင်ငံ စွပ်ပြုတ်အိုးကြီး စံချိန်ကျိုး၊ ရှေးဟောင်းဂရိကြွေအိုးအယ်လ်ဘေးနီးယားကမ်းခြေ၌တွေ့ရှိ၊ စာဖတ်နည်း လျှို့ဝှက်ချက်ပညာရှင်တို့ ဖော်ထုတ်နိုင်ခဲ့၊ ငှက်တုပ်ကွေးကိစ္စ သတိမမူဖြစ်နေခြင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေး၊ တရုတ်နိုင်ငံ၏ အမြင့်ဆုံးတိုက်အမိုးတင်နေပြီ၊ အကြမ်းဖက်လုပ်ငန်းတိုက်ဖျက်ရေး 'ချစ်မွေးခွေးများ အလိုရှိ'ဟု သီရိလင်္ကာ ရဲအဖွဲ့ဖိတ်ခေါ်၊ မင်းသားခွမ်ဆန်းဂူတရားစွဲဆိုထားသည့်အမှု ကြားနာစစ်ဆေးပြီစသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့်အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

# မြန်မာ့အလင်း

# လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ကိုထွေး - စုစည်းတင်ဆက်သည် ၂၃ - ၉ - ၂၀၀၇

## ၂၀၀၇-၂၀၀၈ဘောလုံးရာသီ အမှတ်ပေးဘောလုံးပြိုင်ပွဲ သတ်မှတ်ကွင်းများ၌ ယနေ့ဆက်လက်ယှဉ်ပြိုင်မည်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း၊ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို စက်တင်ဘာ ၂၄ရက် **(ယနေ့)** ညနေ ၄နာရီတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော အားကစားကွင်းများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**အဆင့်မြင့်တန်း**

အဆင့်မြင့်တန်း အမှတ်ပေးပွဲစဉ်များအဖြစ် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် Elevenအသင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ တပ်မတော်(ကြည်း) အသင်းနှင့် သစ်တောရေးရာ အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

**ပထမတန်း**

ပထမတန်း အမှတ်ပေးပွဲစဉ်အဖြစ် စမ်းချောင်းမြို့နယ် ပဒုမ္မာ အားကစားကွင်း၌ အမှတ်(၂)လျှပ်စစ်စွမ်းအားအသင်းနှင့် Golden Hill Towerအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**ဒုတိယတန်း**

ဒုတိယတန်း အမှတ်ပေးပွဲစဉ်အဖြစ် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ပုလဲနက်အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**တတိယတန်း**

တတိယတန်း အမှတ်ပေးပွဲစဉ်အဖြစ် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ငွေကြယ်ပွင့်လေးများအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

## မသန်စွမ်းသူများ အားကစားပြိုင်ပွဲ

၂၀၀၇ခုနှစ် (၁၉)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများအားကစားပြိုင်ပွဲ၏ ရေကူးပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲတို့ကို စက်တင်ဘာ၂၄ရက် **(ယနေ့)** တွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်ဝင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

## ခြင်းလုံးခတ်ပြိုင်ပွဲ

**သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ခြင်းလုံးခတ်ပြိုင်ပွဲကို စက်တင်ဘာ ၂၅ရက်မှ ၂၉ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။**

**အဆိုပါပြိုင်ပွဲတွင် ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ်ခုနစ်သောင်း၊ တတိယဆု ငွေကျပ်ငါးသောင်း၊ နှစ်သိမ့်ဆု ငွေကျပ်သုံးသောင်း၊ ကျမှတ်အနည်းဆုံး ဆုငွေ ကျပ်နှစ်သောင်း ချီးမြှင့်မည်ဖြစ်သည်။**

## ဒုတိယအကြိမ် အာရှရုံတွင်းအားကစားပြိုင်ပွဲ မြန်မာပိုက်ကျော်ခြင်းအဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်

မကာအိုး၌ လာမည့်အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ်အာရှရုံတွင်းအားကစားပြိုင်ပွဲ (Macau 2nd Asian Indoor Homes)၌ မြန်မာပိုက်ကျော်ခြင်းအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**တာဝန်ယူ**

မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့တွင် အုပ်ချုပ်သူများအဖြစ်ဦးဉာဏ်ထွန်း (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်)နှင့် ဗိုလ်ကြီးကျော်ဇင်မိုး (အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်)၊ အမျိုးသားနည်းပြအဖြစ် ဦးတင်ဝင်း (ကာကွယ်ရေး)၊ အမျိုးသမီးနည်းပြအဖြစ် ဦးသန်းလွင်(အား/ကာဦးစီးဌာန)တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

**ပါဝင်ကြ**

အမျိုးသား အားကစားသမားများအဖြစ် သန်းဇော်ဦး၊ အောင်ဇော်၊ မောင်မောင်စိန်၊အောင်လှိုင်မိုး(ကာကွယ်ရေး)၊ သိန်းဇော်မင်း(မြို့တော်စည်ပင်)နှင့် ဇော်ဇော်အောင်(လယ်ယာ/ဆည်မြောင်း)တို့ပါဝင်ကြသည်။

**အမျိုးသမီး**

အမျိုးသမီး အားကစားသမားများအဖြစ် နိုင်နိုင်ဝင်း၊ ကြူကြူသင်း၊ နွယ်နွယ်ထွေး(ပို့ဆောင်ရေး)၊ မေဇင်ဖြိုး (မြို့တော်စည်ပင်)၊ စုတင်ဇာနိုင်နှင့် ဖြူဖြူသန်းတို့ ပါဝင်ကြသည်။

မြန်မာပိုက်ကျော်ခြင်း အဖွဲ့သည် ကွင်းသွင်း ခြင်းခတ် ကစားနည်း (Hoop- Sepakraw) ပွဲစဉ်၌ ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။ ပထမအကြိမ် အာရှရုံတွင်း အားကစားပြိုင်ပွဲကို ၂၀၀၅ခုနှစ်က ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည်။

## ဘော်လီဘောပြိုင်ပွဲကျင်းပမည်

**အားကစား ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘော်လီဘောပြိုင်ပွဲကို စက်တင်ဘာ ၃၀ရက်မှ အောက်တိုဘာ၇ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။**

**အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ရပ် ကျင်းပမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းများမှ ဘော်လီဘောအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။**

**(၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်း၊ အမျိုးသမီးပြိုင်ပွဲ၌ ရန်ကုန်တိုင်းအသင်းတို့ ပထမဆုရရှိခဲ့ကြသည်။**

## တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယနေ့စတင်ယှဉ်ပြိုင်မည်

၂၀၀၇ ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို နယ်ဇုန်များ၌ စက်တင်ဘာ ၂၄ရက် **(ယနေ့)** မှ အောက်တိုဘာ ၃ရက်အထိ ကျင်းပမည်ဖြစ်သည်။

အုပ်စု(က)ပွဲစဉ်များကို ရတခဇုန် (မော်လမြိုင်)၊ အုပ်စု(ခ)ပွဲစဉ်များကို နတခဇုန်(ပုသိမ်)၊ အုပ်စု(ဂ)ပွဲစဉ်များကို နမခဇုန်(မုံရွာ)၊ အုပ်စု(ဃ)ပွဲစဉ်များကို လပခဇုန်(မန္တလေး)နှင့် အုပ်စု(င) ပွဲစဉ်များကို တပခဇုန်(တောင်ငူ)တို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

## မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။**

### ဘော်ဒီထုသံနှင့် ဆေးနံ့ကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းရှင့်-**

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၃၄)ရပ်ကွက် ပျဉ်းမမြိုင်လမ်း အိမ်တစ်အိမ်ရှိ ကားဘော်ဒီပြုပြင်ဆေးမှုတ်အလုပ်ရုံသည် နေ့စဉ်ဆူညံစွာ ကားဘော်ဒီ သံပြားများထုရိုက်ခြင်း၊ ကားမှုတ်ဆေးနံ့များမှ အနံ့ဆိုးများ ပျံ့နှံ့ခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့ဆိုးမခံနိုင်သူ**

### အသံချဲ့စက်သံ နားမခံသာ

**စာတည်းခင်ဗျား-**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၀)ရပ်ကွက် ဆောင်းဟေမာန်အိမ်ရာတွင် နေ့စဉ်ဖွင့်လျက်ရှိသော အသံချဲ့စက်အသံကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ နားမခံသာအောင်ဖြစ်ကြရပါသောကြောင့် စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**မြောက်ဒဂုံသား**

### မီးကြိုးများ လဲလှယ်ပေးပါ

**စာတည်းခင်ဗျား-**

အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် အောင်ဇေယျတံတားထိပ်ရှိ မီးတိုင်မှ မီးကြိုးများသည် ဆွေးမြည့်ပြီး မကြာခဏ ပြတ်ကျနေ၍ လျှပ်စစ်အန္တရာယ် စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှ လဲလှယ်ပေးပါရန် တင်ပြအပ်ပါသည်။

**အန္တရာယ်ကင်းစေလိုသူ**

### စားသောက်ဆိုင် ကြပ်မတ်ပေးပါ

**စာတည်းခင်ဗျား-**

လှိုင်မြို့နယ် (၃)ရပ်ကွက် အေးရိပ်မွန် ၂ လမ်း မြေညီထပ်တွင် အသားကင်နှင့် တွဲဖက်၍ စားသောက်ဆိုင်ဖွင့်လှစ်ပြီး အရက်မျိုးစုံပါ ရောင်းချနေပါသည်။ အရက်သောက်သူများ၏ ဆူပူရမ်းကား အော်ဟစ်နောက်ပြောင်မှုကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**အေးရိပ်မွန်သား**

### စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု အရေးယူပေးပါ

**စာတည်းခင်ဗျား-**

ရန်ကင်းမြို့ အမှတ် (၁)ရပ်ကွက် တိုက်အမှတ်၂၂၁နေသူများသည် အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ပတ်ဝန်းကျင် မသန့်ရှင်းသည့်အပြင် မြေညီထပ်နေသူများအတွက် အနှောင့်အယှက် ဖြစ်ရပါ၍ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**သန့်ရှင်းလိုသူ**

### လမ်းပိတ်ဆို့မှု ရှင်းလင်းပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ဒေါ်ဘွင့်လမ်း စည်ပင်မြေပေါ်တွင်တဲထိုးပြီး မော်တော်ယာဉ်ပြုပြင်သူများကြောင့် ရပ်ကွက်နေပြည်သူများ သွားလာရေး အခက်အခဲဖြစ်လျက်ရှိရာ ကျူးကျော်တဲများနှင့်မော်တော်ယာဉ်ပြုပြင်နေမှုများကို ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ဒေါ်ဘွင့်လမ်းသား**

### ရေမြောင်းများပျက်စီးမှု ဆောင်ရွက်ပြီးစီး

၂-၇-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဗဟန်းမြို့နယ် ဆရာစံမြောက်အနောက်ရပ်ကွက် ကျောင်းလမ်းတွင် ကျူးကျော်ဆောက်လုပ်မှုကြောင့် ရေမြောင်းများပျက်စီးရ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဝက်သားကင်ဆိုင် ရှင်းလင်းပြီးစီး

၁၅-၁-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ရွာသစ် (၁)လမ်းရှိ ဝက်သားကင်နံ့ကြောင့် ပတ်ဝန်းကျင်မခံနိုင်** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

## ပရီမီယာလိဂ်ပွဲစဉ်(၇)မှ နည်းပြတို့၏ ရင်ဖွင့်စကား

**ကိုးကားတင်ပြသူ - မောင်မောင်မြင့်ဆွေ**

**လန်ဒန် စက်တင်ဘာ ၂၃**

ပရီမီယာလိဂ်ပွဲစဉ်(၇)ကို စက်တင်ဘာ ၂၂ ရက်က ကစားတဲ့အခါ အာဆင်နယ်တို့က ဒါဘီကို တိုက်စစ်မှူး



**"အောင်မြင်မှုတွေနဲ့ ဖြတ်သန်း နေပါပြီ"**
**အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး။**
(ဓာတ်ပုံ-အင်တာနက်)

အဒီဘာယောရဲ့ ဟက်ထရစ် အပါအဝင် ငါးဂိုးပြတ်သွင်းယူနိုင်ခဲ့ပေမယ့် နာမည်ကြီး လီဗာပူးတို့က လူသစ်တန်းဘာမင်ဂမ်ကို အိမ်ကွင်းမှာ မမျှော်လင့်ဘဲ ဂိုးမရှိ သရေပွဲဖြစ်ခဲ့တာကြောင့် ပရီမီယာလိဂ် ဖလားရယူဖို့ ပြောကြားနေတဲ့ ဘင်နီတက်ဇ်အတွက် မျက်နှာပျက်စရာ ဖြစ်ခဲ့ရပါတယ်။

**သရေပွဲကစား**

ဒီလိုပါပဲ မန်စီးတီးနဲ့ ဆန်းဒါးလန်း အသင်းတွေလဲ အဝေးကွင်းမှာ ပြိုင်ဘက်တွေကို သရေပွဲ ကစားပြီး တစ်မှတ်စီ ရယူနိုင်ခဲ့တာကြောင့် ဒီရလဒ်တွေကို ကျေနပ်စွာနဲ့ လက်ခံခဲ့ရတဲ့အတွက် ပွဲစဉ်(၇) နည်းပြတွေရဲ့ စကားကို ဖော်ပြလိုက်ပါတယ်။

**အကောင်းဆုံးခြေစွမ်း**

အိမ်ကွင်းမှာ အာဆင်နယ်တို့က ခြေရည်နိမ့်တဲ့ ဒါဘီအသင်းကို ငါးဂိုးပြတ်သွင်း အနိုင်ယူပြီး ဒီနှစ်ပရီမီယာလိဂ်ချန်ပီယံအဖြစ် ထိုက်တန်တဲ့ ခြေစွမ်းရှိနေပါတယ်လို့ ပြိုင်ဘက်တွေကို သတိပေးလိုက်ပြီ ဖြစ်ပါတယ်။ ဂိုးတွေ ဆက်တိုက်သွင်းယူပြီး အနိုင်ရယူနိုင်ခဲ့တဲ့ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက "အာဆင်နယ်ဟာ ပရီမီယာလိဂ်မှာ အရှိန်အဟုန်နဲ့ ဖြတ်သန်းနေပါပြီ။ အကောင်းဆုံး ခြေစွမ်း ရရှိနေတဲ့ အနေအထားကို ဒီထက် မနိမ့်ကျအောင်တော့ ကျွန်တော်တို့ ကြိုးစားရပါလိမ့်မယ်။ ကျွန်တော်တို့ လိုချင်နေတဲ့ အောင်မြင်မှုတွေကို စုစည်း ညီညွတ်မှုနဲ့ ရယူသွားမှာပါ။ ဒီနှစ် အာဆင်နယ်အသင်းရဲ့ လူငယ်ကစားသမားတွေနဲ့ ပြိုင်ပွဲဝင်ရတာကိုက စိတ်ပျော်ရွှင်စရာကောင်းနေပါပြီ။ ဒါဘီနဲ့ ကစားရတဲ့ပွဲမှာတော့ ကျွန်တော့်ကစားသမားတွေ စိတ်ကြိုက်ကစားသွားနိုင်ကြတယ်။ အမှန်အတိုင်း ပြောရရင် ကျွန်တော့်အသင်း ဒီထက်ဂိုးပိုရသင့်တဲ့ ပွဲပါ"လို့ အာစင်ဝင်းဂါးက ပြောကြားသွားခဲ့ပါတယ်။

**အားနည်းချက်**

ဒီလိုပါပဲ ဒီနှစ်ပရီမီယာလိဂ်မှာ ဖလားရယူဖို့ ရေပန်းစားနေတဲ့ လီဗာပူးအသင်းဟာ အတန်းတက် ဘာမင်



**"ဒီပွဲရလဒ်က စိတ်ပျက်စရာပါပဲ"**
**လီဗာပူးနည်းပြ ဘင်နီတက်ဇ်။**
(ဓာတ်ပုံ-အင်တာနက်)

ဂမ်ကို မိမိကွင်း၊ မိမိပရိသတ်ရှေ့မှောက်မှာ တစ်ဂိုးမှမသွင်းနိုင်ဘဲ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့လို့ ဘင်နီတက်ဇ်လဲ မျက်နှာပျက်စရာဖြစ်ခဲ့ရပါတယ်။ ဒီပွဲစဉ်နဲ့ပတ်သက်ပြီး ဘင်နီတက်ဇ်က **"ဒီပွဲမှာ ကျွန်တော့် အသင်းရဲ့ အမာခံတိုက်စစ်မှူး အကုန်ထုတ်သုံးပေမယ့် သူတို့ခံစစ်က အရမ်းကောင်းနေတယ်။ အမှားအယွင်းနည်းတဲ့အပြင် စုစုစည်းစည်းနဲ့ ဟန့်တားနိုင်ခဲ့တဲ့အတွက် တိုက်စစ်မှူးတွေ ဂိုးမသွင်းနိုင်ခဲ့တာပါ။ ဒီပွဲရလဒ်ကတော့ စိတ်ပျက်စရာပါပဲ။ အခုပွဲသရေဖြစ်ခဲ့တဲ့အတွက် ကျွန်တော်တို့ အရင်ကထက် နှစ်ဆ ကြိုးစားရတော့မယ်။ ပရီမီယာလိဂ်မှာ အနိုင်၊ သရေနဲ့အရှုံးတွေဆိုတဲ့ ရလဒ်တွေရှိပေမယ့် ဒီအသင်းနဲ့ ဒီပွဲရလဒ်က ကျွန်တော့်တို့အတွက် မဖြစ်သင့်ဘူး။ နောက်ပြီး ကျွန်တော့်တိုက်စစ်မှူးတွေက ပိတ်ဆို့ထားတဲ့ တစ်ဖက်အသင်းဂိုးဧရိယာအတွင်းမှာ ဂိုးရအောင် ဖန်တီးနိုင်မှု အားနည်းနေသေးတယ်၊ ဒီအားနည်းချက်ကို ပြုပြင်ရဦးမယ်"**လို့ ပြောကြားသွားခဲ့ပါတယ်။

**ခံစစ်ကိုအားပြုခဲ့**

လီဗာပူးကို သရေကစားနိုင်တဲ့ ဘာမင်ဂမ်နည်းပြ စတိဘရစ်ကတော့ "ကျွန်တော့် အသင်းကစားပုံက တော်တော်ကောင်းတယ်။ လီဗာပူးက ကစားကောင်းတဲ့အသင်းမို့ ကျွန်တော့် လူတွေကို သတိထားပြီး ပါးပါးနပ်နပ်



**"ဒီပွဲရလဒ်ကို ကျေနပ်ရမှာပါ"**
**ဆန်းဒါးလန်း နည်းပြ ရွိုင်ကီန်း။**
(ဓာတ်ပုံ-အင်တာနက်)



**"နှစ်သင်းစလုံး အ ကောင်း ဆုံး ကစားသွားနိုင်ကြတယ်"**
**မန်စီးတီးနည်းပြ အဲရစ်ဆင်။**
(ဓာတ်ပုံ-အင်တာနက်)

ကစားဖို့ မကစားခင်ကတည်းက အတန်တန် သတိပေးခဲ့ရတယ်။ တိုက်စစ်ထက် ခံစစ်ကို အားပြုခဲ့တာဆိုတော့ ကျွန်တော်တို့ ဂိုးမရခဲ့ပေမယ့်ဒီရလဒ်ကို ကျေနပ်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ဖူလ်ဟမ်အသင်းနဲ့ သုံးဂိုးစီ သရေပွဲဖြစ်ခဲ့တဲ့ မန်စီးတီး နည်းပြ အဲရစ်ဆင်ကလည်း **"အဝေးကွင်းမှာ သုံးဂိုးသွင်းပြီး သရေပွဲဖြစ်ခဲ့ရတာမို့ စိတ်တိုင်းမကျပေမယ့် ဒီရလဒ်ကို ကျွန်တော် ကျေနပ်ပါတယ်။ ဒီပွဲက ပွဲကောင်းတစ်ခုပါပဲ။ နှစ်သင်းစလုံး ကစားပုံကောင်းပါတယ်။ ကျွန်တော့် တိုက်စစ်မှူးတွေ ရတဲ့အခွင့်အရေးကို အပြည့်အဝအသုံးချနိုင်ခဲ့ရင် အောင်ပွဲရမှာပါ။ ဒီပွဲမှာ ကျွန်တော့်အသင်း ခံစစ်မှူးတွေလဲ အတော်လေးကြိုးစား ကစားခဲ့ကြတယ်။ သူတို့လဲ အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ကြတယ်။ ဒါပေမယ့် ဒီလောက်များများ ဂိုးမပေးသင့်ဘူး။ နောက်ပွဲတွေ ဒီထက်ပိုကောင်းအောင် ကြိုးစားရမယ်။ ကျွန်တော်ထင်တယ်၊ ဒီလအတွက်ကတော့ ဒီပွဲဟာအကောင်းဆုံးပွဲတစ်ပွဲဆိုတာပါပဲ"**လို့အဲရစ်ဆင်က ပြောကြားသွားခဲ့ပါတယ်။

ဖူလ်ဟမ်နည်းပြ ဆန်ချက်ဇ်ကလဲ "ကျွန်တော်တို့ ဒီပွဲကို နိုင်သင့်ပါတယ်။ ကျွန်တော့်အသင်း ခံစစ်ပိုင်း အားနည်းနေတာကို ပြင်ဆင်ရဦးမယ်။ ဒါ့အပြင် အသင်းလိုက်ကစားအား ဒီထက်ပိုကောင်းရမှာ ဆိုတော့ ရှေ့ပွဲတွေမှာ ရလဒ်ကောင်းအောင် ကြိုးစားရဦးမှာပါ"လို့ ရင်ဖွင့်သွားခဲ့ပါတယ်။

**ဖန်တီးမှု အားနည်းနေ**

ဒီလိုပါပဲ မစ်ဒယ်ဘာရော့အသင်းကို အဝေးကွင်းမှာ နှစ်ဂိုးစီသရေပွဲဖြစ်အောင် ကစားခဲ့တဲ့ ဆန်းဒါးလန်း နည်းပြ ရွိုင်ကီန်းကလဲ **"ကျွန်တော်တို့ အဖွင့်ဂိုးအစောကြီး သွင်းယူနိုင်ခဲ့ပေမယ့် မထိန်းနိုင်ခဲ့ဘူး။ နောက်ဆုံးမိနစ်မှာ ချေပဂိုး သွင်းနိုင်လို့ စိတ်သက်သာ ခဲ့ရပေမယ့် ကျွန်တော့် အသင်း ကစားပုံက အားရစရာတော့ မကောင်းသေးဘူး။ တိုက်စစ်မှူးတွေ အခွင့်အရေးရအောင် ဖန်တီးမှု အားနည်းနေသေးတယ်။ ဒီပွဲရလဒ်ကိုတော့ ကျေနပ်ပါတယ်။ အသင်းရလဒ် ကောင်းအောင်တော့ ကျွန်တော်တို့ ဒီထက် ကြိုးစားရပါလိမ့်မယ်"** လို့ပြောကြားသွားခဲ့ပါတယ်။ ။

**(ကိုးကား-အင်တာနက်)**

## ဂျာမနီ ဘွန်ဒက်စ်လီဂါ ဆက်လက်ယှဉ်ပြိုင် ဟာသာဘာလင်တို့ လေးပွဲအနိုင်ရရှိထား

**ဘာလင် စက်တင်ဘာ ၂၃**

ဂျာမနီ ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ၂၂ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ဟာသာဘာလင်အသင်းသည် အိမ်ကွင်း၌



ဒေါ့မွန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပြီး အမှတ်ပေးဇယားကို ဦးဆောင်နေသည်။

**ဟာသာဘာလင်အသင်းမှ ပက်ထရက်အီဘတ် (ယာ) နှင့် ဒေါ့မွန်အသင်းမှ တင်ဂါတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။** (ဓာတ်ပုံ-အင်တာနက်)

**ဦးဆောင်နေ**

ဟာသာဘာလင်အသင်းသည် ယခုနှစ် ဘွန်ဒက်စ်လီဂါရာသီပြိုင်ပွဲ ခြောက်ပွဲကစားရာတွင် လေးပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် ရမှတ် ၁၂မှတ် ရရှိကာ ဦးဆောင်နေခြင်းဖြစ်သည်။

ထိုနေ့က လက်ရှိချန်ပီယံ စတုဂတ်တို့ ဝါဒါဘရီမင်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သွားခဲ့သည်။

နာမည်ကြီး ဘိုင်ယန်မြူးနစ်အသင်းသည် ၁၁မှတ်ရပြီး ဒုတိယနေရာ၌ရှိနေသည်။ ရှော်လ်ကေးက ဘီလီဖီးအသင်းကို အိမ်ကွင်း၌ သုံးဂိုး ပြတ်နိုင်ပြီး ရမှတ်သုံးမှတ်ကို ထိုက်တန်စွာရယူနိုင်ခဲ့သည်။

ယခုနှစ် ဂျာမနီ ဘွန်ဒက်စ်လီဂါ ပြိုင်ပွဲတွင် ဘိုင်ယန်မြူးနစ်၊ ဝါဒါဘရီမင်၊ စတုဂတ်နှင့် ရှော်လ်ကေးတို့သည် တောင့်တင်းခိုင်မာသောအသင်းများအဖြစ် ခြေစွမ်းပြကစားလာသည်ကို တွေ့ရသည်။ **(အင်တာနက်)**

**စုစည်းတင်ပြသူ**
**မြင့်မောင်စိုး**



**မီတာ ၁၀၀ ကမ္ဘာ့စံချိန်ရှင် ပိုဝဲလ်။**
(ဓာတ်ပုံ-အင်တာနက်)

## ကမ္ဘာ့မီတာ ၁၀၀ အပြေးစံချိန်ရှင် စတုဂတ် ကမ္ဘာ့ပြေးခုန်ပစ်၌ စံချိန်တင်

**စတုဂတ် စက်တင်ဘာ ၂၃**

ကမ္ဘာ့မီတာ၁၀၀အပြေးစံချိန်ရှင် အဆာဖာပိုဝဲလ်သည် ဂျာမနီနိုင်ငံ စတုဂတ်မြို့၌ ကျင်းပသော ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၀၀ ပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားခဲ့သည်။

ပိုဝဲလ်သည် အဆိုပါပြိုင်ပွဲ၌ စံချိန် ၉ဒသမ၈၃ စက္ကန့်ဖြင့် အနိုင်ရဗိုလ်စွဲလိုက်ခြင်းဖြစ်သည်။ ၎င်းသည် ယခုနှစ်အတွင်း မီတာ ၁၀၀ ပြေးပွဲတွင် ကမ္ဘာ့အမြန်ဆုံးစံချိန် သုံးကြိမ် တင်ထားနိုင်ခဲ့သည်။

ယခုစတုဂတ်၌ကျင်းပသော ပြိုင်ပွဲမတိုင်မီ ၎င်းသည် ဂျပန်နှင့် အီတလီနိုင်ငံတို့တွင် ကျင်းပသော ပြေးခုန်ပစ် အားကစားပြိုင်ပွဲများ၌လည်း မီတာ၁၀၀အပြေးစံချိန်များ တင်နိုင်ခဲ့သည်။

**(အင်တာနက်)**

## ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ လက်ရှိချန်ပီယံ ဂျာမနီ အကြိုဗိုလ်လုပွဲတက်

လန်ဒန် စက်တင်ဘာ ၂၃

**ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံး ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိရာ လက်ရှိချန်ပီယံ ဂျာမနီအသင်းသည် မြောက်ကိုရီးယား အမျိုးသမီး ဘောလုံးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။**

ဂိုးစတင်သွင်းယူ

**ဂျာမနီအမျိုးသမီးဘောလုံးအသင်းသည် လက်ရှိချန်ပီယံပီပီ အချိတ်အဆက်မိမိ ထိုးဖောက် ကစားနိုင်ခဲ့သည်။ ဂျာမနီအသင်းမှ ကာစတင်သည် ပွဲချိန် ၄၄ မိနစ်တွင် အသင်းအတွက် ဖွေဆော်ဦးဂိုး စတင်သွင်းယူနိုင်ခဲ့သည်။**

ယှဉ်ပြိုင်

**ယင်းနောက် ရီရိုက်လင်ဂေါ့နှင့် ခရန့်တို့က တစ်ဂိုးစီသွင်းယူပေးနိုင်ခဲ့သည်။ မြောက်ကိုရီးယားအသင်းသည် ဒုတိယပိုင်းတွင် ဂိုးသွင်းခွင့်များစွာ ရခဲ့သော်လည်း ဂိုးအဖြစ် မဖန်တီးနိုင်ခဲ့ပေ။ ဂျာမနီအသင်းသည် ယင်းပွဲအနိုင်ရလိုက်၍ အကြိုဗိုလ်လုပွဲတွင် နော်ဝေ သို့မဟုတ် တရုတ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။**

**ထိုနေ့က အမေရိကန် အမျိုးသမီး ဘောလုံးအသင်းသည်လည်း အင်္ဂလန် အမျိုးသမီးအသင်းကို သုံးဂိုး-ဂိုးမရှိ ကစားပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။** (အင်တာနက်)

**အောင်ပွဲခံနေသော ဂျာမနီ အမျိုးသမီး ဘောလုံးအသင်း။**
(ဓာတ်ပုံ-အင်တာနက်)





အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက် ဥယျာဉ်လမ်း ခြံအမှတ်၈နေ ဦးခင်မောင်-ဒေါ်ခင်ကြည်မိသားစုက ကြေးပြားလေးချပ်နှင့် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ်(၇၆၉/၁၅၄)၊(၅/D)နေ မသက်နှင်းစန္ဒီနှင့် မချစ်နှင်းစန္ဒီ ညီအစ်မတို့က ကြေးပြားတစ်ချပ် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၂၅၀၀၀ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင် ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

## သထုံ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ကျောင်းသုံး ဗလာစာအုပ်များ လှူဒါန်း

သထုံ စက်တင်ဘာ ၁၂

**သထုံမြို့ ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်ကြီး၏နာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ခေမာစာရ ဆရာတော်ကြီးကကြီးမှူး၍ သထုံမြို့နယ် ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့၏ ကျောင်းသုံးဗလာစာအုပ်လှူဒါန်းပွဲကို ဩဂုတ်၂၁ရက် မွန်းတည့်၁၂နာရီက ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက် ခေမာရတနာဗိမာန်၌ကျင်းပသည်။**

ရှေးဦးစွာနာယကဆရာတော်ကြီးက ဩဝါဒကထာချီးမြှင့်ပြီး သထုံမြို့နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ကိုယ်စားဒုတိယဥက္ကဋ္ဌ(၂) ဦးခွန်းသိန်းဟန်က ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

ထို့နောက်နာယကဆရာတော်ကြီးက လှိုင်းဘွဲမြို့နယ် ထိလုံ အထက အတွက် ပညာရေးထောက်ပံ့ငွေကျပ်တစ်သိန်း**(အပေါ်ယာပုံ)**၊ သထုံမြို့နယ် လေးတိုင်ကျေးရွာ သာသနာ့ဝိပုလ္လကာရီကျောင်း သိမ်တော်ကြီးဆောက်လုပ်ရန် ငွေကျပ်တစ်သိန်း လှူဒါန်းသည်။

ဆက်လက်၍ တာဝန်ရှိသူများက ရပ်ကွက်နှင့်ကျေးရွာ ၃၇ရွာမှ ကျောင်းသားကျောင်းသူများအတွက် ငွေကျပ်သုံးဆယ့်နှစ်သိန်းကျော် တန်ဖိုးရှိ ကျောင်းသုံးဗလာ စာအုပ် ၂၁၉၃ ဒါဇင်ကို ပေးအပ်လှူဒါန်းရာ ကျေးရွာကိုယ်စားလှယ်များက လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**



## အမြို့မြို့ အနယ်နယ် သတင်းများ

## မုံရွာခရိုင် ရဲတပ်ဖွဲ့မှူးရုံး တပ်ဖွဲ့ဝင်မိသားစု ထူးချွန်သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်

**မုံရွာ စက်တင်ဘာ ၁၀**

မုံရွာခရိုင် ရဲတပ်ဖွဲ့မှူးရုံး တပ်ဖွဲ့ဝင်မိသားစုဝင်များ၏ ထူးချွန်သား သမီးများအား ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၈ ရက် မွန်းလွဲ ၂ နာရီက မုံရွာခရိုင် ရဲတပ်ဖွဲ့မှူးရုံးရှိ သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

**အမှာစကား**

အခမ်းအနားတွင် မုံရွာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်မြက အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၆-၂၀၀၇ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်မြက လေးဘာသာဂုဏ်ထူးရှင် မဟန်နီဦးအား ဆုငွေကျပ် ၂၀၀၀၀ ကိုလည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရှင် မငြိမ်းငြိမ်းမြတ်အား ဆုငွေကျပ် ၁၅၀၀၀ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

**ဆုချီးမြှင့်**

ဆက်လက်၍ မုံရွာခရိုင် ရဲတပ်ဖွဲ့မှူးရုံး ရဲမှူးမြင့်အောင်က တစ်ဘာသာ ဂုဏ်ထူးရှင် မအေးနိုင်မော်အား ဆုငွေကျပ် ၅၀၀၀ ကိုလည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရှင် မမေမြတ်နိုးခင်အား ဆုငွေကျပ် ၁၅၀၀၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း မြို့သာယာလှပရေးလုပ်ငန်းအဖြစ် ဆောင်ရွက်သော ချောက်မြို့ လမ်းမတော်လမ်း အလျားပေ ၉၅၀ရှိ ပလက်ဖောင်းပြုလုပ်ခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင် ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)



မတ္တရာမြို့နယ် မြင်းစီးကျေးရွာရှိ တစ် လက် မ ခွဲ တွင်းတိမ်ရေထွက်နှုန်းနှင့် တုံကင်ပျက်စီးမှုရှိ မရှိကို ဩဂုတ်၂၀ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဖုံ နှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဦးပြည်စိုးဝင်းကျော်တို့ ကြီးကြပ်စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

**မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများနှင့် အမှိုက်များ သိမ်းဆည်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ရက်က မြို့ဦးလမ်းနှင့် ဗိုလ်ချုပ်လမ်းမကြီး တစ်လျှောက်၌ အဖွဲ့ဝန်ထမ်းများ အမှိုက်များ သိမ်းဆည်းကြစဉ်။**

(မြို့နယ်စည်ပင်)



## ကျောက်မဲမြို့၌ သဇင်စာကြည့်တိုက်ဖွင့်

**ကျောက်မဲ စက်တင်ဘာ ၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၉ရက် နံနက် ၈နာရီက အမက (၁၁) သဇင်စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကို၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်ခိုင်နှင့် ကျောင်းအကျိုးတော်ဆောင် အတွင်းရေးမှူး ဒေါ်ကြည်ကြည်အုန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

**လှူဒါန်း**

ဆက်လက်၍ စာအုပ်နှင့်ပရိဘောဂပစ္စည်း လှူဒါန်းပွဲအခမ်းအနားကျင်းပရာ ခရိုင်ဦးစီးအရာရှိက အမှာစကားပြောကြားပြီး အလှူရှင်ဦးဝင်းတိုး၊ ဒေါ်ခင်မာဝင်း မိသားစုက ငွေကျပ်သုံးသောင်း တန်ဖိုးရှိ ဗီရိုတစ်လုံး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းရည်က သုတ၊ ရသ စာအုပ် ၃၀နှင့် အလှူရှင်များက စုပေါင်းလှူဒါန်းသည့်မဂ္ဂဇင်း၊ ဂျာနယ်အုပ် ၂၀၀ကို လက်ထောက်ပညာရေးမှူး ဦးကျော်ဆွေနှင့် ဦးဆန်းဝင်းတို့က လက်ခံယူကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**




## အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကော့ကရိတ်၌ကျင်းပ

**ကော့ကရိတ် စက်တင်ဘာ ၁၀**

ကော့ကရိတ် ခရိုင်အဆင့်(၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက်က ကော့ကရိတ်မြို့ မြို့နယ်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဝင်းက (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကျင်းပရခြင်း နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပပြီး ညနေ ၅ နာရီတွင် ဆုပေးပွဲကိုကျင်းပရာ ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲ၌ဆုရရှိကြသော အနုပညာရှင်များအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

## ကော့မှူးမြို့နယ် လူငယ့်အားမာန် စာကြည့်တိုက်၌ စာဖတ်ဝိုင်းကျင်းပ

**ကော့မှူး စက်တင်ဘာ ၁၅**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ စာဖတ်ဝိုင်းကို စက်တင်ဘာ ၇ရက် နံနက် ၉နာရီက နတ်စင်ကုန်းစံပြကျေးရွာ လူငယ့်အားမာန်စာကြည့်တိုက်၌ ကျင်းပရာ ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးထွန်းထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်လှိုင်က စာဖတ်ဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နတ်စင်ကုန်းစံပြကျေးရွာ လူငယ့်အားမာန်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်သိန်းက ချစ်နိုင်(စိတ်ပညာ)၏ ခေါင်းဆောင်သူ၏ လက္ခဏာများ စာအုပ်မှအတတ်ပညာ၏တန်ဖိုး ဆောင်းပါးကို လည်းကောင်း၊ စာကြည့်တိုက်ကော်မတီဝင် ဦးခင်မောင်လတ်က စက်တင်ဘာ ၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ မျိုးဆက်သစ်လူငယ်လေးများ ဘက်စုံဖွံ့ဖြိုးရေးဝိုင်းဝန်း ကူညီပေး ဆောင်းပါးကိုလည်းကောင်း၊ စာကြည့်တိုက်မှူး ဒေါ်မွန်မွန်မြင့်က ဒို့ကျေးရွာဂျာနယ်အတွဲ (၄)၊ အမှတ် (၁၅)ပါ ငွေကိုသုံးခြင်းနှင့် စွဲခြင်းဆောင်းပါးကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲကို ကျင်းပရာ ရန်ကုန်မြို့ ကျောက်မြောင်းရပ်ကွက်မှ ဦးကျော်စိုးမိုး မိသားစုက ငွေကျပ်ငါးသောင်းတန်ဖိုးရှိ မဂ္ဂဇင်းစာအုပ် ၅၀၊ ဗွီစီဒီအချပ် ၅၀နှင့်တိပ်ခွေ ၅၀တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်သိန်းက လက်ခံယူကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧကေ ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဖခင် ဦးတင့်လွင်အား ရည်စူး၍ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဈေးကုန်းအနောက်ရပ်ကွက် မာဃလမ်းနေ ဒေါ်အုန်းကြည်ကြည်နှင့်သားသမီး၊ မြေးတစ်စုတို့က အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်စာရိတ္တ(Ph.D)(Thesis) ဗုဒ္ဓဂယာထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## ပြည်ထောင်စုလမ်းခင်းရန် ကျောက်များစုဆောင်း

**မိုင်းဆတ် စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်သည် မိုင်းဆတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စုလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအတွက် ကျောက်များစုဆောင်းထားရှိမှု အခြေအနေကို စစ်ဆေးရာ ဩဂုတ် ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဆွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြကြသည်။ **(က-ပ)**




ရန်ကုန်တိုင်း ဗဟန်း မြို့နယ် ကုက္ကိုင်း ကမ္ဘာအေး ဘုရားလမ်း အမှတ် ၁၅၆/ဒီ နေ ဒေါ်ခင်ညွှန့်ညွှန့်နှင့်သားသမီး၊ မြေးတစ်စုတို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို ရွှေစင်တိပိဋကရေ မဇ္ဈိမဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦးနှင့်အဖွဲ့ စက်တင်ဘာ ၁၆ရက်က ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မစည်ပင်ဈေးတွင် ရောင်းချသော ဈေးဆိုင်များကို စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်က ရှင်းလင်းပြသစဉ်။ (ဝ၉၈)

## ပုသိမ်မြို့နယ် နှလုံးလှစာကြည့်တိုက် အဆောက်အအုံဖွင့် ရေရှည်တည်တံ့ရေးနှင့် ကျေးရွာဖွံ့ဖြိုးရေး ဆွေးနွေး

**ပုသိမ် ဩဂုတ် ၂၀**

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကမ်းနီကျေးရွာအုပ်စု ကြောင်ပန်းကုန်းကျေးရွာ နှလုံးလှစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ် ၂၇ရက် နံနက် ၈နာရီက ကျေးရွာစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ နှလုံးလှစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲသို့ ပုသိမ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပါစည်၊ တိုင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်း၊ ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် အဆောက်အအုံကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာလာဝင်းနှင့် စာကြည့်တိုက် အလှူရှင်ကိုယ်စား ဦးစောဇော်ဖေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဧရာဝတီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းနှင့် မြို့နယ်ဥက္ကဋ္ဌတို့က စာကြည့်တိုက်ရှင်သန်ရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆွေးနွေးသည်။ အဆိုပါစာကြည့်တိုက်သို့ စာအုပ်အလှူရှင်များက စာအုပ် ၁၀၁၅အုပ်နှင့် အလျား ၁၅ပေ၊ အနံပေ ၂၀ရှိ အုတ်တိုက်၊ သွပ်မိုး၊ ပရိဘောဂ၊ မြေတန်ဖိုးနှင့်အဆောက်အအုံတန်ဖိုး စုစုပေါင်း ငွေကျပ် ၄၆သိန်းကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ကုန်တင်ကုန်ချ ကာယ၊ ဉာဏ ဝန်ထမ်းမိသားစု ကျောင်းသားများ ပညာဒါနနှင့် အာဟာရကျွေးမွေး

*နေပြည်တော်ပျဉ်းမနား စက်တင်ဘာ ၁၇*

အလုပ်သမားဝန်ကြီးဌာန နေပြည်တော် ပျဉ်းမနား ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံးက ကြီးမှူး၍ ဦးစီးအရာရှိနှင့် ကုန်တင်ကုန်ချ ကာယ၊ ဉာဏ ဝန်ထမ်းမိသားစုများ စုပေါင်း၍ အမှတ် (၁၈၅) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ပညာဒါနနှင့် အာဟာရ ကျွေးမွေးခြင်း အခမ်းအနားကိုစက်တင်ဘာ ၁၀ ရက် မွန်းတည့် ၁၂နာရီက အဆိုပါကျောင်း ခန်းမတွင် ကျင်းပရာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးပိုင်၊ မြို့နယ်ပညာရေးမှူးဦးလှထူး၊ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာမများ၊ ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးမှ ဦးစီးအရာရှိဦးနိုင်စိုး၊ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ် ပညာရေးမှူးက အမှာစကားပြောကြားပြီး ဦးစီးအရာရှိဦးနိုင်စိုးက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့်ကျောင်းစာသင်ပုန်းများ ပေးအပ်လှူဒါန်းပြီး ကျောင်းသား ကျောင်းသူ ၁၂၀တို့အား အာဟာရဒါနအဖြစ် ကြာဆန်ချက်တိုက်ကျွေး လှူဒါန်းခဲ့ကြောင်းသိရသည်။(၁၀၁)

## သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ရေနုတ်မြောင်းများရှင်းလင်း

**မြစ်ကြီးနား စက်တင်ဘာ ၇**

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ရပ်ကွက်များတွင် ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဩဂုတ် ၃၁ရက်က အဖွဲ့ဝန်ထမ်းများသည် ရှမ်းစုတောင်၊ ရှမ်းစုမြောက်ရပ်ကွက် သခင်နက်ဖေလမ်း ဝဲယာတစ်လျှောက် ရေနုတ်မြောင်းနှင့် ရေပြွန်များအတွင်း ရေဆိုးနှင့်အမှိုက်များမရှိစေရေးရှင်းလင်းဆောင်ရွက်မှုကို မြို့နယ် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူစိုက်ခင်း အမှတ်စဉ်(၄)ကို စက်တင်ဘာ ၅ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော့ချိမျိုးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဇင်ဇင်သက်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ဩဂုတ် ၁၇ရက်က လောင်းလုံးမြို့နယ် မြို့မဈေးနှင့် ကုသိုလ်တော်လမ်းဆုံတို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းနိုင်ရေးနှင့် ခြင်အန္တရာယ်ကင်းဝေးရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ခြင်ဆေးဖျန်းမှုကို အမှုဆောင်အရာရှိ ဦးတင်အုံး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (က-ပ)

## မိုးမောက်မြို့၌ သောက်သုံးရေရရှိရေး စုပေါင်းဆောင်ရွက်

**မိုးမောက် စက်တင်ဘာ ၅**

မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြရေပေးရေးလုပ်ငန်းအတွက် စိမ့်စမ်းရေ ရေဦးကန်တွင် အမှိုက်သရိုက်၊ အညစ်အကြေး၊ သဲနုန်းများ ဆယ်ယူခြင်းနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဩဂုတ် ၂၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာဦးနူးဆောင်နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(က-ပ)**



မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အတွက် ဩဂုတ် ၁၆ရက်က မိုးညို မြို့ပေါ်ရှိ အခြေခံပညာ မူလတန်းလွန် ကျောင်းလေးကျောင်းတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ကြီးကြပ်ပေးစဉ်။ (က-ပ)

၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ရန်ကုန်တိုင်း ခရိုင်ချင်းဆက် လမ်းအမှတ်(၁) ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် တိုက်ကြီးမြို့၌ ကျောက်များစုဆောင်းမှုကို ဩဂုတ် ၂၂ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



# အိန္ဒိယမှဝယ်ယူခဲ့သော ရထားစက်ခေါင်းများရောက်ရှိ ရန်ကုန်–မန္တလေးလမ်းပိုင်းတွင် ခရီးသည်နှင့် ကုန်စည်များ လွယ်ကူချောမွေ့မြန်ဆန်ရေး တိုးချဲ့အသုံးပြုပြေးဆွဲမည်



**ရန်ကုန် စက်တင်ဘာ ၂၃**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ယနေ့နံနက်ပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ M/S RITES Ltd. မှ ဝယ်ယူခဲ့သော ရထားစက်ခေါင်းငါးခေါင်းအား ရန်ကုန်မြို့ အမှတ်(၅)ဆူးလေ တံတား၌ မကွေးသင်္ဘောပေါ်မှ ချယူနေမှုကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးအား မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အထွေထွေမန်နေဂျာ ဦးချိုသန်းမောင်နှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက စက်ခေါင်းများ သင်္ဘောပေါ်မှချယူမည့် အစီအစဉ်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

**အလေးထားဆောင်ရွက်**

ထို့နောက် ဝန်ကြီးက သင်္ဘောပေါ်မှ ချယူပြီးသည့် ရထားစက်ခေါင်းများအား ကြည့်ရှုစစ်ဆေးပြီး မြန်မာ့မီးရထားမှ တာဝန်ရှိသူများအား ရထားစက်ခေါင်းများ ရေရှည်ကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက် စနစ်တကျ ကိုင်တွယ်အသုံးပြုနိုင်ရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ●

**ကြည့်ရှုစစ်ဆေး**

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စက်ဆန်းကုန်ရုံ ကုန်တင်/ကုန်ချဝင်း တိုးချဲ့တည်ဆောက်နေမှုနှင့် ကားပတ်လမ်း အာရ်စီကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** (မြန်မာ့မီးရထား)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

# သက်ရှည်ကျန်းမာ ပြည်ရွာအကျိုး သယ်ပိုးဆောင်ရွက် တွဲလက်ညီညီ

**တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တစ်နိုင်ငံလုံး လွှမ်းခြုံဖော်ဆောင်ပေးနိုင်ရန် ဆေးရုံ၊ ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာနများကို ဖွင့်လှစ်ပေးလျက်ရှိရာ ၁၉၈၈ ခုနှစ်က ဆေးရုံ ၆၃၁ ရုံသာရှိခဲ့ရာမှ ယခုအခါ ၈၃၄ ရုံအထိ တိုးမြှင့်ဖွင့်လှစ်ပေးထားနိုင်ပြီ။**

**ထို့အပြင် ယခင်က အထူးကုဆေးရုံကြီး ၆၇ ရုံသာရှိခဲ့ရာမှ ယခုအခါ ၉၄ ရုံအထိ ရှိလာသည့်အပြင် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု၌လည်း အနည်းဆုံး ခုတင် ၂၀၀ ဆံ့ ဆေးရုံ တစ်ရုံစီ ဖွင့်လှစ်ပေးထားရာ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်လျက်ရှိ။**

ကြည်ဝင်းညွန့်၏ ဆောင်းပါး
စာ (၈ နှင့် ၉) တွင် ဖတ်ရှုနိုင်ပါသည်။



တာချီလိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးကို ရှမ်းပြည်နယ် တောင်တန်းကြီးများကို နောက်ခံပြုလျက် ဤသို့ခံ့ညားထည်ဝါစွာတွေ့ရသည်။